အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ် အောင်ဆန်းဟာ

ဗမာ့ တော်လှန်ရေး တပ်မတော်ကြီးကို

တည် ထောင်ဖွဲ့စည်း ခဲ့တယ်။

လူသေ လူဖြစ် အဘိဓမ္မာဟာ ကျော ထောက် နောက်ခံ ရှိတဲ့

လူသေ လူဖြစ် .........

လူဖြစ် လူသေ .........

တိုး လိုက် ဟေ့ .........

တက်လိုက် ဟေ့ ......... ဆိုတဲ့

ဆလိုဂန်ကို ဖော်ထုတ်လိုက်ခြင်း ဖြစ်ပါတယ် ။

– – –×(o)×– – –

# လူသေလူဖြစ်

## စစ်တန်းနှင့်

# ထောင်ကျ

## မှတ်တမ်း

**၁၃၆၁၊ ဖေဖော်ဝါရီ (၃) ရက်။**

လူသေလူဖြစ် ရေးသားမှုနှင့်ပတ်သက်၍၊ ပဥ္စမရာဘက် ရာဇဝတ်တရားသူကြီး ဦးကျော်ခင် ရုံးတော်တွင်၊ တရားလိုပြသက်သေများအား ယနေ့စတင်စစ်ဆေးဖြစ်ကြောင်း။

ထိုနေ့က သက်သေတဦးဖြစ်သော ရန်ကုန်တက္ကသိုလ် ကျောင်းဝင်း နေ - ဗုဒ္ဓဘာသာစာပေဌာနမှ (ကထိက) ဆရာ ဦးအောင်သိန်းအား စစ်ဆေးရန်ရှိနေချိန်တွင်၊ အသျှင်ဉာဏဒွန္တနှင့် အသျှင်ဝါသဝတို့ဖက်မှ လိုက်ပါဆောင်ရွက်သူ လွှတ်တော်ရှေ့နေကြီး ဦးလှကျော်မှာ နေထိုင်မကောင်းဖြစ်နေသည်ဟု ၄င်း၏စာရေးကလာရောက်အကြောင်းကြားခဲ့ကြောင်း။

၄င်းနောက်တရားသူကြီး ဦးကျော်က ဤအမှုခွဲရက်ချိန်းပေးရသည်မှာ ကြာမြင့်နေပြီဖြစ်သောကြောင့်၊ ယနေ့ပင် စတင်စစ်ဆေးမည်ဟု ရှင်းလင်းမိန့်ကြားကြောင်း။

ထို့နောက် သက်သေ ဦးအောင်သိန်းအား အစိုးရရှေ့နေ ဦးမြင့်နိုင်က မေးမြန်း၍ ဖြေကြားရာတွင်၊ အသက်(၁၁)နှစ်မှာ ကိုယ်ရင်ဝတ်ပြီး အသက်(၂၀)မှာ ရဟန်းဖြစ်လာကြောင်း၊ ဝါတော်(၉)ဝါ ရှိပြီဖြစ်ကြောင်း၊ အစိုးရကကျင်းပသည့် ပထမကြီးစာမေးပွဲကိုအသက် ၁၉-နှစ်အပင်ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ ဓမ္မာစရိယ စာချတန်း အောင်မြင်ကြောင်း၊ ဗုဒ္ဓဘာသာကျမ်းများနှင့် ဝိရိယသတ္တိများကို သေသေချာချာ လေ့လာခဲ့ဘူးကြောင်း၊ ရုံးတော်ရှေ့ရှိ သက်သေခံအဖြစ်တင်သွင်းထားသော လူသေလူဖြစ် စာအုပ်ကိုဖတ်ဖူးကြောင်း၊ ၄င်းစာအုပ်ကိုဖတ်ရသည်မှာ များသောအားဖြင့် ဘာသာကြီး(၄)ခုပတ်သက်ပြီး ရေးထားတာတွေ့ရကြောင်း၊ နိဂုံးချုပ်ရေးသားချက်မှာ လူသေရှင်လူဖြစ်သည်ဟု ရေးသားထားသည်မှာ အလွန်ဆိုးဝါးကြောင်း၊ လူတွေကို အကုသိုလ်အလုပ်ကို လုပ်အောင် ပေးထားတာတွေ့ရကြောင်း။

ဗုဒ္ဓဘာသာကိုအများကြီးဆန့်ကျင်နေကြောင်း၊ လူသေလူဖြစ်စာအုပ်ကိုဖတ်ခြင်းဖြင့်၊ လူ့ဘဝက ပျောက်ကွယ်၍၊ လူတိရစ္ဆာန် ဘဝသို့-

သက်ရောက်နေကြောင်း စသည်ဖြင့်ထွက်ဆိုသွားသည်။

ထို့နောက် အသျှင်ဥက္ကဋ္ဌနှင့် အသျှင်ဝါသဝတို့ဖက်မှ လွှတ်တော်ရှေ့နေကြီး ဦးလှကျော် (ကိုယ်စား) အသျှင်ဥက္ကဋ္ဌက သက်သေဦးအောင်သိန်းအား မေးမြန်းသဖြင့် ဖြေကြားသွားသည်မှာ --

မေး = တကာကြီးက ရဟန်းလူထွက်နော် - ဗုဒ္ဓဘာသာပရမတ်နဲ့ပညတ်ဆိုတာကွဲပြားသလား -

ဖြေ = ကွဲပြားပါတယ်ဘုရား ။

မေး = ဘုရားရှင်ရဲ့ ဒေသနာ ဘယ်နှစ်မျိုးရှိသလဲ -

ဖြေ = သုံးမျိုး ရှိပါတယ် ။

မေး = ဘုရားရှင်ရဲ့ အလိုတော်အကျဆုံးက ဘာလဲ -

ဖြေ = ပရမတ်ဒေသနာဖြစ်ပါတယ် ။

မေး = ဘာသာကြီး ၄ ခုထဲမှာ ကံကိုယုံကြည်တဲ့ဘာသာဘယ်နှစ်မျိုးရှိသလဲ -

ဖြေ = ဗုဒ္ဓဘာသာတမျိုးသာကံကိုယုံကြည်တယ်လို့ထင်ပါတယ် ။

မေး = မျက်မှောက်အကျိုးပေးနဲ့လက်တွေ့ကျိုးပေးတူသလား ။

ဖြေ = မတူပါ။

မေး = ယနေ့လောကမှာ တယောက်နဲ့တယောက်၊ အသွင်လောကချင်းတူညီသလား -

ဖြေ = မတူပါ။

မေး = ကျိုးပဲ့ကန်း နေသူများဟာ ဘယ်အကျိုးခံစားရသလဲ -

ဖြေ = မကောင်းသောအကျိုးကိုခံစားရသူများဖြစ်ပါတယ် ။

မေး = ပစ္စည်းချမ်းသာကြွယ်ဝသူများဟာ ကောင်းသောကံလား၊ မကောင်းသောကံလား -

ဖြေ = ကောင်းသောကံဖြစ်ပါတယ် ။

(ထိုအခါအသျှင်ဥက္ကဋ္ဌက) တခါတခါသတင်းစာတွေထဲမှာ ပစ္စည်းချမ်းသာပြီး ကြီးဆွဲချသေတာတွေ)

မေး = လူသေလူဖြစ်စာအုပ်တာ ဝေါဟာရသဘောကိုရည်ညွှန်းရေးသလား ပရမတ်သဘောကိုရည်ညွှန်းရေးသလား -



ဖြေ ။ ဘာကိုရည်ညွှန်းရေးသည်ကိုမသိပါ။ မပြောတတ်ပါ။ လူသေရင်လူဖြစ်တယ်ဆိုတာ လူတွေကိုမြှောက်ပင့်ရန်ဖြစ်ပါတယ် ။

မေး ။ လူသေရင် နတ်ဖြစ်မယ် ရေးရင်မှန်မလား -

ဖြေ ။ မမှန်ပါ။

မေး ။ လူသေရင်ဘာဖြစ်မည်ဟု အတိအကျ ပြောနိုင်ပါသလား -

ဖြေ ။ မပြောနိုင်ပါ။

မေး ။ လောကကြီးမှာ လူသေရင် လူဖြစ်တာနဲ့ လူသေရင်ခွေးဖြစ်တာဘယ်လိုသက်ဆိုင်သလဲ -

ဖြေ ။ သွယ်ဝိုက်ပြီး သက်ဆိုင်ပါတယ် ။

မေး ။ ပရမတ်ဆိုတဲ့စာတ်လေးပါး ကွဲပြားသလား -

ဖြေ ။ မကွဲပြားပါ။

မေး ။ ဗုဒ္ဓဘာသာဟုသောစကားလုံးနဲ့ ဗုဒ္ဓသာသနာဟုသောစကားလုံးဟာ တူသလား မတူဘူးလား ။

ဖြေ ။ အတူတူပါပဲဘုရား ။

မေး ။ ဘုန်းကြီးဆိုတာ ဘယ်ကဆင်းသက်လာသလဲ -

ဖြေ ။ မသိပါ။

မေး ။ သံဃာဟုသော အနက်ကိုသိသလား -

ဖြေ ။ မသိပါ။

မေး ။ လူသေလူဖြစ်စာအုပ်ထဲမှာ ဘုန်းကြီးရယ် (သံဃာရယ်) ရဟန်းရယ်ဆိုတာ တွေကိုခြားနားပြီး ရေးထားတာသတိပြုမိရဲ့လား -

ဖြေ ။ မပြုမိပါဟု ဖြေကြားသွားကြောင်း ။ ။

၄င်းနောက် အသျှင်ဥက္ကဋ္ဌက လောကကြီးသုံးပါး၊ ငရဲကြီးရှစ်ထပ်၊ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာ ၂၀ တို့အကြောင်းများကို မေးမြန်းသဖြင့်၊ သက်သေဦးအောင်သိန်းက ဖြေကြားသွားသည်။ အမှုကို ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် သက်သေဦးအောင်သိန်းအား ဦးပါ - ဘက်မှလိုက်ပါသောင်ရွက်သူ ဝတ်လုံတော်ရကြီး ဦးပါစိမ့်မြ မောင်က မေးမြန်းစစ်ဆေးမည်ဟုဆိုသည် ။

## "လူ သေလူဖြစ်အမှု တရားရုံးတော်တွင် အသျှင်ဥက္ကဋ္ဌက မေးမြန်းချက်"

နတ်ပြည်နှင့် ငရဲပြည် ရောက်ဖူးသည့် ကထိကကြီး၊ ဖေဖော်ဝါရီလ (၆) ရက်နေ့။

ပုလိပ်ရုံးကြီး၌ ပြန့်မတရားဘက် ကူဇာဝတ်တရားသူကြီး ဦးကျော်ဇံရုံးတွင် -- လူသေလူဖြစ်စာအုပ် ရေးသားထုတ်ဝေမှုအတွက်၊ တောင်ဆွင်းကြီးမြို့၊ နတ်မှီဘောရ အသျှင်ဥက္ကဋ္ဌ။ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ မုဋ်ဆိပ်ပွဲ အသျှင်ဝါသဝ၊ ပုံနှိပ်သူထုတ်ဝေသူ ဦးပါ၊ ဦးစိန်ထွန်းအောင်တို့အား ဆက်လက်စစ်ဆေးကြောင်း၊ တရားလိုပြသက်သေ အမှတ်(၁) တက္ကသိုလ်ပုဂ္ဂတာပေ ကထိက ဦးအောင်သိန်းအား ဆရာတော်အသျှင်ဥက္ကဋ္ဌက မေးမြန်းရာ-အမေး အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်။

မေး ။ ဒီစာအုပ်မှာမှ လူ သေလူဖြစ်တယ်ဆိုတာ ကြားဘူးတယ်မဟုတ်လား -

ဖြေ ။ ဟုတ်ပါတယ်။

မေး ။ (ဂတိများကိုဝှတ်ဆိုရေတွက်၍) ဂတိငါးပါးရှိတယ်မဟုတ်လား -

ဖြေ ။ ဟုတ်ပါတယ်။

မေး ။ မနုဿဂတိကိုရည်မှန်းလျှင် လူဟာလူဖြစ်စရာမရှိနိုင်ဘူးလား -

ဖြေ ။ လူဟာ လူ ရော တိရစ္ဆာန် ရောဖြစ်နိုင်ပါတယ်။

မေး ။ လူ သေပြီး နောက် လားရာ ဂတိ အသေအချာမ ပြောနိုင်ဘူးလို့ ဆရာ ဖြေခဲ့တယ်မဟုတ်လား၊ ဗုဒ္ဓဘာသာမှာ လူ သေရင်လူဖြစ်နိုင်တဲ့တကော်များ၊ ကျင့်စဉ်များ မရှိဘူးလား -

ဖြေ ။ ရှိပါတယ်။

မေး ။ သိတ်ရှိသတ္တဝါထဲမှာ လူဟာအမြတ်ဆုံးဆိုတာ ငြင်းမလား -

ဖြေ ။ နတ်တို့ ဗြဟ္မာတို့ဟာ လူထက်မြတ်ပါသေးတယ်။

မေး ။ ဗုဒ္ဓက နတ် ဗြဟ္မာတို့ကို လူထက်မြတ်လို့ ရဟန်းခံခွင့် မပြုတာလား၊ နိမ့်လို့လား။

ဖြေ ။ နိမ့်တယ် မြတ်တယ်လို့မဆိုနိုင်ပါ။ လူ့ပြည်မှာဖြစ်လို့သာ လူ့ဂါတ်မှာ မသွင်းဘဲထားတာပါ။



မေး ။ ပါရာဇိကကဏ် (၄) ပါးမှာ လူ လူချင်းသတ်ရင်သာအဖြစ်ရှိတယ်၊ နတ် ဗြဟ္မာ တွေကိုသတ်ထာ ဒုက္ကဋ် အာပတ်မျှသာလို့ဆိုတာ တွေ့ဘူးသလား -

ဖြေ ။ တွေ့ဘူး ပါတယ်။

မေး ။ ဒုလ္လဘ (၅) ပါးမှာ နတ်ဖြစ်ဖို့ခက်တယ် ဟောသလား ။

ဖြေ ။ မဟောပါ။

မေး ။ ဝိမံသ-ဝိဘာဂဇာတကဝါရ အောင် လူဟာ လူလုပ်ယူရင်၊ လူဟာ လူဖြစ်တယ်ဆိုရင် ငြင်းမလား ။

ဖြေ ။ လူဟာ နတ်လည်းဖြစ်နိုင်ပါတယ်၊ တိရစ္ဆာန်လည်းဖြစ်နိုင်ပါတယ်။

မေး ။ ဒီလိုလဲမဟုတ် မဟုတ်ဘူး၊ ဘုန်းဘုန်း မေးတာက လူဖြစ်နိုင်တယ်ဆိုတာ ငြင်းမလားလို့ မေးတာ ။

ဖြေ ။ မငြင်းပါ။

မေး ။ ဥပါဒါန်ဆိုတာ ဘုရားက ပယ်ဖို့ ဟောထားတဲ့ တရားမဟုတ်လား -

ဖြေ ။ ဟုတ်ပါတယ်။

မေး ။ မီးစတစ်ခုနဲ့ ထင်းပုံကြီးကို လောင်နေတဲ့မီးဟာ ဘယ်ဟာက ပိုပူသလဲ -

ဖြေ ။ အတူတူ-ပူတာပါဘဲ ။

မေး ။ အင်း အဘဝကို မျှော်ရတာနဲ့ ၃၁ ဘုံကို မျှော်ရတာဟာ ဘယ်ဟာက ဥပါဒါန်များသလဲ -

ဖြေ ။ ၃၁ ဘုံ မျှော်ရတာက များပါတယ်။

မေး ။ ဥပါဒါန်ဟာ အပါယ် လေးဘုံတိုကပ်ရင်-အပါယ် လေးဘုံကို ရောက်နိုင်တယ်မဟုတ်လား ။

ဖြေ ။ ဟုတ်ပါတယ် ဘုရား ။

မေး ။ လူ့ဘဝကိုသာ ဥပါဒါန်တခုထဲ ကပ်ရင် ကော -

ဖြေ ။ လူပဲ ဖြစ်စရာရှိပါတယ်။

မေး ။ ဆရာ မြေကြီးထဲက ငရဲပြည်ကို ရောက်ဖူးသလား -

ဖြေ ။ ရောက်ဖူးပါတယ်။

မေး ။ ရောက်ဖူးရင် ဘာတွေများ တွေ့ပါသလဲ – ထင်ရှားတဲ့ အထောက်
အထားနဲ့ သက်သေပြပါ –
ဖြေ ။ ဒါက ဇာတိဿရဉာဏ်ရမှ သိမှာပါ။
မေး ။ ခင်ဗျား – သက်သေပြနိုင်ဖို့လိုပါတယ် –
ဖြေ ။ ပြစရာ တော့ မရှိပါ။ မသိပါဘုရား ။
မေး ။ နတ်ပြည်ကို ရော ရောက်ဘူးသလား –
ဖြေ ။ ရောက်ဖူးပါတယ် ။
မေး ။ ယုံတမ်းစကား (ဟဲသား သေး) တွေလား။ တကယ် ရောက်ခဲ့တဲ့
အထောက်အထား သက်သေပြနိုင်ပါ့မလား –
ဖြေ ။ သနုပစ္စက္ခဘာဝ မဟုတ်လို့ မသိနိုင်ပါ။
မေး ။ နတ်ဘုံ တွေနဲ့ မြှောက်၊ ငရဲဘုံ တွေနဲ့ ခြောက်ပြီး နေကြတာ တွေဟာ
ဘာသဘောလဲ –
ဖြေ ။ မြှောက်တယ်လို့ မသုံးဆမိပါ။
မေး ။ ဒီ အခြောက်၊ အမြှောက်ဘုံ တွေဟာ အဋ္ဌက ဖန်ဆင်းတာ
မဟုတ်လား –
ဖြေ ။ အတ္တပါပဲ ။
မေး ။ အဇ္ဈတ္တဝါဒနဲ့ အနတ္တဝါဒမှာ ဘယ်သင်းကိုဘုရားအလိုရှိသလဲ –
ဖြေ ။ အနတ္တကို အလိုရှိပါတယ် ။
မေး ။ ဥပါဒါန်နဲ့အတ္တကို ပြုတ်အောင် ရေးတဲ့စာကို ဘုရားနဲ့ဆန့်ကျင်
တယ်လို့ ဆိုမလား –
ဖြေ ။ မသိပါ။
မေး ။ ကမ္ဘာ ပေါ်မှာ ဘာသာ (၄) ခုရှိတဲ့အနက် အားလုံးတို့ဟာ လူတိုင်း
လူတိုင်း ယဉ်ကျေးလာဖို့နဲ့ ငြိမ်းချမ်းသာဖို့ပဲ ရည်ရွယ်ကြတယ်
မဟုတ်လား –
ဖြေ ။ ဟုတ်ပါတယ် ။
မေး ။ ကောင်းပြီ ဟုတ်ရင် ဒီရည်ရွယ်ချက်အတိုင်း အောင်မြင်ကြပါ
တယ်လို့ သက္ကာဆိုဝံ့ရဲလား –
ဖြေ ။ အောင်မြင်သင့်သလောက်ပဲ အောင်မြင်ပါတယ် ။



မေး ။ အောင်မြင်သလား၊ မအောင်မြင်ဘူးလား –
ဖြေ ။ မသိပါ။
မေး ။ မအောင်မြင်တာ ဘာသာရေး ခေါင်းဆောင်တို့က ငရဲနဲ့
ခြောက်၊ နတ်ဘုံနဲ့ မြှောက်ပြီး လူတွေကို ကိုယ့်ဖက်ပါအောင်
သွေးဆောင်နေကြလို့ပဲ မဟုတ်လား –
ဖြေ ။ မသိပါဘုရား ။
မေး ။ ဒီတော့ – ဒီ " လူသေလူဖြစ် " စာမျက်နှာ (၈) မှာပါတဲ့
(စာပိုဒ်ကိုဖတ်၍) ဒီစာကြောင်းဟာ ဗုဒ္ဓနဲ့ဘာများဆန့်ကျင်
သလဲ –
ဖြေ ။ ဒီစာပိုဒ်မှာ တော့ မပါ– ပါဘူး ။
မေး ။ ဒီစာပိုဒ်ဟာ ဘာသာ တွေကိုဘာများ ထိခိုက်ထားပါသလဲ –
ထောက်ခံထားတယ် မဟုတ်လား –
ဖြေ ။ ဒီစာပိုဒ်က တော့ ဟုတ်ပါတယ် ။
မေး ။ လူသေလူဖြစ် စာအုပ်၊ စာမျက်နှာ (၄၃) (၄၄) (၄၅) (၄၆)
(၄၇) (၄၈) တို့မှာပါတဲ့ စာပိုဒ်တခုလုံးဟာ ဗုဒ္ဓကို ထောက်ခံ
ပြီး ဗုဒ္ဓ ထင်ရှားအလိုရှိတဲ့ နိဗ္ဗာန်ကို တိုက်ရိုက်လက်ညှိုးထိုး
ထားတာ မဟုတ်လား –
ဖြေ ။ မပြောတတ်ပါ။
မေး ။ တတိယ သံဂါယနာတင်ပြီး ခေတ်က မဟာယာန၊ ဟီနယာန
စသည်ဖြင့် ဘာသာကြီး ၁၈ ဂိုဏ်းကွဲခဲ့တာသိသ ပေါ့။
ဖြေ ။ ကြားဘူးပါတယ် ။
မေး ။ ဘာသာရဲ့ မူကြောင့်လား – ဘာသာဝန်ထမ်းတွေကြောင့်လား –
ဖြေ ။ ဝိနည်းကြောင့်ပါ။

အသျှင်ဥက္ကဋ္ဌ မေးမြန်းပြီးနောက်၊ သရာတော်အသျှင်ဝါသဝ ဆက်လက်ပြီး မေးမြန်းမှုကို၊ ဖေဖော်ဝါရီလ (၇) ရက် နေ့သို့ဆက်လက် စစ်ဆေးရန် ချိန်းဆိုလိုက်သည် ။

## လူသေလူဖြစ် အမေးအဖြေ

"တရားခံအသျှင်ဝါသဝ က တရားလိုပြသက် သေကို မေးခွန်းထုတ်ခြင်း" ဦးအောင်သိန်းကို ဆရာတော်အသျှင်ဥက္ကဋ္ဌ က မေးမြန်းပြီးနောက် အသျှင်ဝါသဝ နှင့်အ မေးအဖြေမှာ ---

မေး ။ ယနေ့ မြန်မာလူမျိုးများ ဝေါဟာရအားဖြင့်၊ ငှင်းကိုဘယ်လို ခေါ်သလဲ -

ဖြေ ။ ဘုရားလို့ ခေါ်ပါတယ် ။

မေး ။ ၄င်း ဂေါတမနဲ့ ခရစ်ယန်ဘုရား၊ ဟိန္ဒူ၊ အစ္စလာမ် လို့ ခေါ်ကြတဲ့ဘုရားနဲ့ ဘယ်လိုကွဲပြားမှု တွေ့ရှိပါသလဲ -

ဖြေ ။ ဉာဏ်တော်အယူအဆ မတူကြပါ။ ကျွန်တော်တို့ ဂေါတမက ကံကို အယူအဆရှိပါတယ်။ အခြားဘာသာ တွေက တော့ ကံကိုမယူပဲ ဖန်ဆင်းမှုကိုသာ ယူပါတယ် ။

မေး ။ ဂေါတမမြတ်စွာဘုရား ပေါဓိပင်နဲ့ ရွှေပလ္လင် အောင်မြင်တော်မူပြီး နောက်၊ ဘာကိုအ ခြေတည်ပြီး ဟောခဲ့သလဲ - ဓမ္မစကြာ သုတ်ကို ဟောတယ်ဆိုရင် ပြင်းမလား -

ဖြေ ။ မဟာကရုဏာကိုအ ခြေခံ ဟောပါတယ် ။

မေး ။ သစ္စာ လေးပါးကို ဟောတယ်ဆိုရင် ကော မှားတယ် ပြောမလား -

ဖြေ ။ မ ပြောပါ။

### "ဘာ့ကြောင့် ဟော" ?

မေး ။ သစ္စာလေးပါးကိုဘာ ကြောင့် အခြားဘုရားများမတူ အောင် အ ခြေခံ ဟောတယ်ဆိုတာ စဉ်းစားမိရဲ့လား ။

ဖြေ ။ အမှားတရားကွယ် ပျောက်၍ အမှန်တရား ရောက် အောင် ဟောခြင်းဖြစ်ပါတယ် ။

မေး ။ ဘယ်ဟာ အရင် ဟောသလဲ -

ဖြေ ။ ဒုက္ခသစ္စာကို အရင် ဟောပါတယ် ။



### "ဒိဋ္ဌလား"

မေး ။ မျက်စိမမြင်ပဲနဲ့ နားနဲ့ကြားတာ ဒိဋ္ဌလား၊ အနုမာနလား -

ဖြေ ။ ဒိဋ္ဌဖြစ်ပါတယ် ။

မေး ။ မျက်စိနဲ့ရူပါရုံ ဆုံမိတဲ့အခိုက်အတံ့မှာ ဘာ ပေါ်လာသလဲ -

ဖြေ ။ ဝေဒနာ၊ သညာ၊ သင်္ခါရဆိုတဲ့ ပဉ္စက္ခန္ဓဖြစ် ပေါ်လာပါတယ် ။

မေး ။ ဂေါတမမြတ်စွာဘုရားဟာ ဗောဓိပင်နဲ့ ရွှေပလ္လင် အောင်မြင်တော်မူပြီး၊ တရားဓမ္မသီ မိဂဒါဝုန် တောထဲ၊ ပဉ္စဝဂ္ဂီငါးဦးနဲ့ တွေ့တဲ့အခါ ဘာလုပ် နေသလဲ -

ဖြေ ။ နိဗ္ဗာန် ရောက် ကြောင်းတရား ကျင့် နေပါတယ် ။

### "စွန့်ခြင်း"

မေး ။ နိဗ္ဗာန်ကို ယသော်ဓရာနဲ့ ရာဟုလာကို စွန့်ပစ်ပြီး တောထွက်စဉ်က မြင်ပြီလား -

ဖြေ ။ ပုဗ္ဗ စက်ကိုသုတ်ကိုင်ပြီးတာမှ နိဗ္ဗာန်ကိုမြင် ပါတယ် ။

### "တဏှာ ကြောင့် လော"

မေး ။ ဥရုဝေလ တော၌ ဒုက္ကရစရိယာကျင့် နေတဲ့အခါ သုဇာတာက နို့ဆွမ်းကပ်လှူချိန်ကို၊ ဆွမ်းဦးသုံး ဆောင်ပြီးတဲ့ နေ့ကစပြီး နေ့စဉ်ရက်ဆက် ဆွမ်းစားလာတဲ့အခါ ဂေါတမ မြတ်စွာဘုရားရဲ့အသားအရေ ရုပ်ဆင်းအင်္ဂါဟာ ရွှေအဆင်းတဲ့ သို့ ချချင့်စဖွယ် သပ္ပါယ်လာတယ်လို့ ဟောတယ်၊ ဒါဟာတဏှာ ကြောင့် ဖြစ်တယ်လို့ဆိုမလား -

ဖြေ ။ ရှေးမဆွကဖြစ်လာတဲ့ရုပ်၊ အစဉ်အဆက်မ သေမီအ ကြောင်း အကျိုးအဆက်ဆက်ဖြစ်သွားတဲ့ သိတတ်တ တဏှာ ကြောင့်ဖြစ်လာတဲ့ ရုပ်ဖြစ်ပါတယ် ။

### "ဆန့်ကျင်ဘက်ပြ"

မေး ။ လူသေလူဖြစ်စာအုပ်ပါဘယ်စာပိုဒ်က ဂေါတမဘုရားနဲ့ဆန့် ကျင် နေတယ်ဆိုတာ ပြနိုင်ပါ့မလား -

ဖြေ ။ ဘယ်နေရာမှာအပြစ်ရှိတယ်ဆိုတာ တော့ အသေအချာ ထောက်မပြ နိုင်ပါ -- ၁သည်ဖြင့် ပြောကြားသွား၏ ။

## " အစိုးရ အမေး "

ငင်းနောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အမှုဆောင်လူကြီး ဦးထိန်ဝင်း ကို အစိုးရ ရှေ့နေ ဦးမြရှိန်က ဝစ်မေးရာ၊ ငင်းက လူ သေလူဖြစ် စာအုပ်ပါ မည်သည့် စာပိုဒ်များသည်၊ ဘုရား ဟော ဗုဒ္ဓဘာသာကိုဆန့်ကျင် ရေးသားထား ကြောင်းထင်ရှားလို၍၊ ယင်းစွပ်စွဲရေးသား ချက်များသည်၊ မည်သို့မှုအ ခြေအမြစ်မရှိပဲ၊ စာရေးသူဆရာ တော် ဦးဥတ္တမ က မိမိကိုယ်ကို မိမိထင်ရှားလို၍၊ ယင်းကဲ့သို့စွပ်စွဲ ရေးသား ထားခြင်းဖြစ် ကြောင်း၊ ဆရာ တော်ဦးဥတ္တမ က လူ သေလူဖြစ် စာအုပ် တွင်၊ ပရိတ်ရွတ်သူ များကို စွပ်စွဲထားသည့်ပြင်၊ ပုတီးကိုင်သည့်လူများကို လည်း နစ်နာ အောင် ရေးသားထားသည်ကို တွေ့ရ ကြောင်း။ ဆရာ တော် ဦးဥတ္တမ ရေးသားထားသည့် ကပ္ပိပြဿနာ စာအုပ်တွင် ဦးဥတ္တမကိုယ်တိုင် ပုတီးကိုင်လျက် ဓာတ်ပုံရိုက်ထားသည်။ ဆရာ တော်က ပုတီးကိုင်သူကို နစ်နာ အောင် ရေးသားထားသည်မှာ မည်သို့မှု မစဉ်းစားတတ် အောင်ဖြစ် ပါကြောင်း ။

## " သံသယနှင့် "

လူ သေလူဖြစ် စာအုပ်တွင်ပါရှိသည့် နောက်ဆုံး စာပိုဒ်၌၊ စာလုံး အမဲနှင့် ရေးသားထား ချက်သည်ပင်၊ လူ သေလျှင်လူဖြစ် မည်ဆိုသည့်အ ချက်ကို မတင်မကျ သံသယနှင့် ရေးသား ဖော်ပြထားသည်ကို တွေ့ရ ကြောင်း ဖြင့် အစစ်ခံသွား ပါသည် ။ ဦးထိန်ဝင်းအား ဖေဖော်ဝါရီလ (၇) ရက် တွင် ဦးဥတ္တမ က မေးမြန်းသည် ။

## " ကောင်းကင်ဘုံ နှင့် ငရဲခန်း တည် ဆောက်တဲ့ ဗိသုကာ ဘယ်သူလဲ "

မေး ။ အစွဲဥပါဒါန်သည် ရဟန်းမင်းများ၊ ဘိက္ခုနီမများ၊ ဘုန်းကြီး ရဟန်းများကို ဖန်ဆင်းရာ၌ ပဓာနလက်သည်ဆိုလျှင် ငြင်း မလား -

ဖြေ ။ မငြင်းပါ- မှန်ပါသည် ။ 

## " ဘာ့ကြောင့် - ဒုံးထောက် "

မေး ။ အဘယ်ကြောင့် လူသားသည် တိရစ္ဆာန်များ၊ ကျောက်တုံးများ ကျောက်ခဲများ ရှေ့မှောက်၌ ဘာ့ကြောင့်ဒုံး ထောင်ခဲ့ရသလဲ -

ဖြေ ။ အစွဲဥပါဒါန် ကြောင့်ဖြစ်ပါတယ် ။

## " စေတီ ဘုရား "

မေး ။ လူသားတို့သည် အစွဲဥပါဒါန် ကြောင့်ပင် စေတီ၊ ပုထိုး၊ ဂူ ကျောင်း၊ ယဇ်ပလ္လင်၊ ရုပ်တု၊ ဆင်းတုကြီးများနှင့် ဝတ် ကျောင်း၊ ဝတ်ဇရပ်တို့ကိုတည် ထားကိုးကွယ်တယ်ဆိုလျှင်ငြင်း မလား -

ဖြေ ။ ဥပါဒါန် ကြောင့်ဖြစ်သည်ဆိုခြင်းမှာ မှန်ပါသည် ။

မေး ။ ဥပါဒါန် ကြောင့် ဒွန်ပြ ဟော ပြော မှု တွေ ပေါ် ပေါက်လာသည်ဟု ရေးသားထား ချက်သည် မည်သည့်ဘုရားကို စော်ကားရာ ရောက် ပါသလဲ -

ဖြေ ။ ဥပါဒါန်သည် ကျွန်ုပ်တို့အား လက်စုံမိုးပြီး ရှိခိုးရန်၊ သုဘာဂုံ အလုံးစုံကိုရန်ရှာရန်၊ ခန္ဓာကိုယ်ကိုညှင်းပန်းနှိပ်စက်ရန် မိမိကိုယ်ကို မိမိမုန်းတီးရန်၊ ဘုရားသစ်ဒွန်ပြ ဟော ပြော ခဲ့ သည်ဆိုခြင်းမှာ လုံးဝမမှန်ပါ။ ငင်း ရေးသား ချက်မှာ ကဲ့ရဲ့ သည့်သ ဘောသက် ရောက်ပါသည် ။

မေး ။ မိစ္ဆာဒိဋ္ဌိတိုင်း နိဗ္ဗာန်ကို ရောက်နိုင်သလား -

ဖြေ ။ မ ရောက်နိုင်ပါ။ သမ္မာဒိဋ္ဌိသာဖြစ်နိုင်ပါသည် ။

မေး ။ လူ သေလူဖြစ်စာအုပ် စာမျက်နှာ ၁၃၃၊ တတိယအပိုဒ်သည် ဘယ် လိုအပြစ်ရှိသလဲ -

ဖြေ ။ "မေတ္တာပို့၊ ဘုရားသခင်ကိုမြှော်၍ နေစဉ်" ဆိုတဲ့သုံးအနှုန်း မှာ အခြားဘာသာကို စော်ကား ရေးသားထားသဖြင့် အပြစ်ရှိ ပါသည်။ ယင်းကဲ့သို့မ ရေးသင့်ဟုယူဆ ပါသည် ။

မေး ။ ဘာသာ ရေး အစွဲအလမ်း ကျောင်း၊ ရုံး ကျောင်း ကျောင်းဖြစ်သွား
တာ တွေ့ဘူးပါသလား -

ဖြေ ။ ဘာသာ ရေး ကျောင်း ရုံးသွပ်သွား သောလူနာ ရယ်လို့ တခါမှ မ
ကြားဘူး မ တွေ့ဘူး ပါ ။

မေး ။ ထာ ဝ ရဘုရားသ ခင် ရော၊ အားလုံး သော နတ်ဗြဟ္မာအ ပေါင်းတို့
သည်၊ ရှေးအတိတ်က လူရိုင်းများက ၄ င်းတို့၏အသိဉာဏ်ဖြင့်တီ
ထွင်ပြုလုပ်ထား သောအ ရုပ်တို့သာ ဖြစ်သည် မဟုတ်ပါလား -

ဖြေ ။ အတိတ်ကာလက ဗုဒ္ဓကိုယ် တော်မြတ်ရဲ့ပုံကို စိတ်ကူး ဉာဏ်ဖြင့်ဘုရား
ရုလုပ်ပုံသွင်း ခဲ့သည်ဆိုခြင်းမှာ ဗုဒ္ဓကို စော်ကား ရာ ရောက်ပါ
သည် ။ ထို့ပြင် ရှေးအတိတ်ကာလက လူများ ကိုသည် လူရိုင်းများ မ
ဟုတ်ကြပါ။ လူရိုင်းဟု ရေးသားထား သ [illegible]၊ ကျွန်ုပ်တို့ဗုဒ္ဓသည်ပင်
လူရိုင်းဖြစ်သွားပါသည်။ ရှေးလူဟုသိထား၍ ရှေးလူများထဲ၌
အာ သော ကမင်းကြီးလည်း ပါသွား ပါသည် ။

မေး ။ ထို စာ ပို ဒ်ထဲမှာ ဗုဒ္ဓဘုရား ရှင်ရုပ်လို့ပါ ပါသလား -

ဖြေ ။ စကားလုံးအ နေ နဲ့ မ ပါ သော်လည်း ကျွန်ုပ်တို့ ကိုးကွယ် သော ဘုရား
ရှ ပ်ထု၊ နတ်ဗြဟ္မာ ရုပ်တု တွေ ပါသည်ဟု အဓိပ္ပါယ် ကောက်ယူယုံကြည်
ပါ၏ ။

မေး ။ ကောင်းကင်ဘုံနှ င့် ငရဲ စခန်း ရှိသည်ဟု သော ယုံကြည် ချက်သည်၊
သူ ရူး၏အိပ်မက်ဟုဆိုလျှင် မှား မည်လား -

ဖြေ ။ ကောင်းကင်ဘုံနှ င့် ငရဲ စခန်း မရှိဟုဆိုလျှင် မှားပါသည် ။ သို့
ရေးသားခြင်းမှာ ဘုရားရှင်ကို စော်ကား စွပ်စွဲ ကြောင်းထင်
ရှားပါသည် ။ ပဉ္စသတိ ဒုံး နဲ့ ဂျမ်းထွင်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ
အသုရကာယ်၊ လူနှ င့် နတ်ရှိ ကြောင်း အ ထောက်အထား များ တွေ့ရှိ
ရ ပါသည် ။

မေး ။ စုန်း၊ နတ်ဆိုတာ အမှန် ရှိပါသလား၊ လက် တွေ့ပြနိုင်ပါသလား -

ဖြေ ။ အရှင်ဘုရား ယ နေ့ကြွ ခဲ့ပါ၊ လက် တွေ့ပြ ပါမည် ။ ( ရယ်ကြ၏ ) ။



မေး ။ ကောင်းကင်ဘုံနှ င့် ငရဲ စ ခန်း တည် ဆောက်တာဘယ်သူလဲ -

ဖြေ ။ တဏှာ - ဥ ပါဒါန်ဖြစ်ပါသည် ။

မေး ။ ဆီမီး အ ခိုးတိုင်ပွန်း ဘိုပု ဇော်ခြင်း ၊ ဒုံး ထောက်ရိုကြီး ရှိခိုး
ခြင်း၊ ကြေး စည် ခေါင်း လောင်းထိုးခြင်း ( ဂုဏ် တော်ရွတ်
ဖတ်ခြင်း ) ပုတီး စိပ်ခြင်း၊ ဥ ပုသ် စောင့်ခြင်းဖြင့် ဆည်း
ကပ်ရ သော နတ်ဘုရားတို့ကိုမယုံကြည်ဆိုလျှင်အပြစ်ရှိသလား -

ဖြေ ။ ဓမ္မနိယာမအ စဉ်ကို ကျမ်းပြုသူတဦးတည်းက မယုံကြည်ဟု ရေး
လျှင် အပြစ် မ ရှိပါ။ သို့ရာတွင် ယင်းသို့ပြုမှုခြင်းကို ကျွန်ုပ်တို့
ယုံကြည် ရ န်မဖြစ်နိုင် ပေဟု ဓမ္မဒိဋ္ဌာန်ဖြင့် ရေးသားထား၍
အပြစ်ရှိပါသည် ။

မေး ။ လူ သေသွားလျှင် လူသား ဇာ င်စစ်မှ တပါး အခြား မည်သည့်သတ္တဝါ
မျိုးမှ မဖြစ်နိုင်ဟုဆိုလျှင် မှား မည်လား -

ဖြေ ။ လူ သေလူဖြစ်က လူပြန်ဖြစ်နိုင်သည်ဆိုခြင်းကို လက်မခံနိုင်ပါ
ကြောင်းဖြင့် ဖြေကြား ကာ အ စစ်ခံသွား ကြောင်း ။
အမှုကို ဖေ ဖော်ဝါရီလ ( ၁၅ ) ရက် နေ့တွင်ဆက်လက်စစ် ဆေး
မည် ။ ( ကြေးမုံ ) မှ - -

" မှန်ရာ ပြော၍ လက်မခံနိုင် "

" လူ သေလူဖြစ်တရားလို ထွက်ဆိုချက် " ဖေ ဖော်ဝါရီ ( ၁၄ ) ရက် ။

ပဉ္စမ ရာဘက်တရားသူကြီး ဦး ကျော်ဒွန်း၌ "လူ သေလူဖြစ် "
စာအုပ် ရေးသားထုတ် ဝေ မှုအတွက်၊ ကျမ်းပြုသူ တောင်ထွင်းကြီးဆရာ
တော်အရှင်ဥက္ကဋ္ဌ၊ စာတည်း အရှင်ဝါသဝ၊ ပုံနှိပ်သူ ဦး ပါ၊ ထုတ်ဝေ
သူ ဦး စိန်ထွန်း အောင်တို့အား ဆက်လက်စစ် ဆေး လေသည် ။

တရား ခံဘက်မှ လွှတ် တော် ရှေ့ နေကြီး ဦးလှ ကျော်လိုက်၍၊ ထို
အမှုစစ် ဆေး ရာသို့၊ အဘိဓမ္မာအ ဖွဲ့များ၊ ဝိပဿနာအဖွဲ့ များနှ င့် ဘာ
သာ ရေး၌ စိတ်ဝင်စားသူ များ - များစွာ ဝင် ရောက် နား ထောင်ကြရာ
ရုံး ခန်းတခုလုံး ပြည့် နေ၏ ။ တရားလိုဘက် မှတင်ပြ သောသက် သေ

အမှတ် (၂) (ဝိုင်အမ်ဘီ အေ) ဦးထိန်ဝင်း၏ စာအုပ်ပါရေးသားချက်များနှင့်ပတ်သက်၍ ဆရာတော်အရှင်ဥက္ကဋ္ဌ က ပြန်လည် မေးမြန်းခါ ။

မေး ။ ဟိုတနေ့က ဦးထိန်ဝင်း တင်ပြသွားတဲ့စာမျက်နှာများဟာ၊ ကိုထိန်ဝင်း မကျေနပ်တာအကုန်ပဲလား၊ သို့မဟုတ် တအုပ်လုံးမှာ ပဲလား -

ဖြေ ။ "လူသေလူဖြစ်" ဆိုတဲ့နာမည်ကိုက အကျိုးမဲ့သံသယဖြစ်စေပါတယ်။ ရတနာသုံးပါးကိုးကွယ်မှုကိုလည်း စော်ကားထားပါတယ်။ ပဋိပက္ခဖြစ်စရာ တွေလဲပါ- ပါတယ်။ ဆရာတော်လိုသံဃာတော်က မဆိုထားနဲ့၊ တပည့်တော်တို့ပင် မပြောဝံ့ မရေးဝံ့တဲ့စာတွေမျိုးဖြစ်ပါတယ်" ဒီစာအုပ်ရဲ့ရည်ရွယ်ချက်မူရင်းကိုကြည့်လိုက်ရင် တအုပ်လုံး အပေါ်မှာပါ- ပါတယ် ။

မေး ။ ရည်ရွယ်ချက်နဲ့ပတ်သက်လို့ ဘယ်လိုနားလည်ထားပါသလဲ -

ဖြေ ။ လူသေလူဖြစ်ဆိုတဲ့နာမယ်ကိုက အကျိုးမဲ့သံသယကိုဖြစ်စေပါတယ်။

မေး ။ ပဋိပက္ခသဘောတွေ ပြောတာက ဘယ်မှာတွေသလဲ -

ဖြေ ။ ဘယ်မှာရယ်လို့ မပြောနိုင်ပါ။

မေး ။ တကာလေးက ဦးပဉ္ဇင်းကို ဆရာအဖြစ်ထားပါတယ်လို့ ဆိုပေမဲ့ ဒီစာအုပ်မှာ မခံနိုင်လွန်းလို့ သခုလိုထွက်ဆိုရပါတယ်လို့ဆိုတော့ အတော်လေးနက်တဲ့အချက်တွေပါမှာပေါ့၊ ဘယ်လိုဆရာတပည့်လဲ -

ဖြေ ။ မှန်ပါ၊ သင်ဆရာ၊ ကြားဆရာ အဖြစ်ပါဘုရား ။

မေး ။ မူလပဏ္ဏာသ ပါဠိတော် ဈာမဟံသာန သုတ်ကိုဖတ်ဖူးရဲ့လား -

ဖြေ ။ မှန်ပါ ဖတ်ဖူးပါတယ်ဘုရား ။

မေး ။ ကဲဖတ်ကြည့်ပါ၊ စာမျက်နှာ ၉၁ ၌၊ ဘုရားရှင်သည်၊ ဘုရားမဖြစ်မီကာလက၊ ဝေသာလီမြို့တော်အပြင်အပ၊ အမရပုရ တောအုပ်တွင်၊ အဝတ်မစီး နေလျက်၊ ကျင်ကြီး ကျင်ငယ်တို့ကိုပင် - စား သောက်လျက်၊ တခါတရံ မြက်ကိုစားလျက်၊ ခေါင်းပါး စွာ ကျင့်ခဲ့သည်လို့ အသျှင်သာရိပုတ္တရာအား ပြန်လည် ဟောကြားပုံကို ဖတ်စေသည် ။



ဖြေ ။ လိုတာ အမိန့်ရှိပါဘုရား ။

မေး ။ ဘုရားအလောင်းတော်ဟာ ဤသို့ညစ်ညမ်းစွာကျင့်ခဲ့တယ် မဟုတ်လား -

ဖြေ ။ ကျင့်ခဲ့ပါတယ်ဘုရား ။

မေး ။ ယောစာယံ၊ အတ္တကိလမထာနုယောဂေါ၊ ဒုက္ခော အနရိယော၊ အနတ္ထသံဟိတော၊ အနက်က- ဤအကျင့်တွေကိုမကျင့်ဖို့ ရှင်သာရိပုတ္တရာအား ထုတ်ဖော်ရှုံ့ချ တော်မူခဲ့တယ် မဟုတ်လား -

ဖြေ ။ မှန်ပါ ဟောခဲ့ပါတယ်ဘုရား ။

မေး ။ တနေ့က ကပ္ပိပြဿနာ စာအုပ်မှာပါတဲ့ ဦးပဉ္ဇင်းပုံဟာ - ရဟန်းဝါ(၇) ဒါတုံးက ရိုက်ကူးခဲ့တဲ့ပုံပါ။ အဲဒီပုံကို စာအုပ်ထုတ်သူက တောင်းလို့ ပေးလိုက်ခြင်းပါပဲ။ အခုအရွယ်မှာ ဒီ ပုတီးကို မကိုင်တော့ဘူး ဆိုတာယုံရဲ့လား -

ဖြေ ။ မှန်ပါ မငြင်းပါ။

မေး ။ တကာလေးက ဗုဒ္ဓဘာသာအစစ်ပဲလား -

ဖြေ ။ မှန်ပါ အစစ်ပါဘုရား ။

မေး ။ ဗမာပြည်မှာ ဗုဒ္ဓဘာသာတွေဟာ သုဓမ္မာ၊ ရွှေကျင်၊ ဒွါရ၊ ဂံ၊ စတုဘုမ္မိကသတိပဋ္ဌာန်၊ ဝဇ္ဇ စေတီ၊ စတဲ့ဂိုဏ်းတွေအမျိုးမျိုး ရှိတယ်ဆိုတာ သိတယ်မဟုတ်လား၊ တကာလေးကဘယ်ဂိုဏ်းကိုကိုးကွယ်သလဲ -

ဖြေ ။ တပည့်တော်အားလုံးဂိုဏ်းတွေလက်ခံကြည်ညိုသူပါ။ ဂိုဏ်းတွေ တိုင်းမှာပဲ တပည့်တော်ရဲ့ဆရာတွေရှိပါတယ် ။

မေး ။ ဒီလိုဂိုဏ်းတွေပေါင်းစုံရှိရာမှာ အကျင့်မတူကြတော့ ဘယ်ဂိုဏ်းဟာစစ်မှန်ပြီး၊ ဘယ်ဂိုဏ်းက မစစ်ဖူးလို့ ဆိုမလဲ -

ဖြေ ။ အကျင့်မတူလို့ကွဲပေမဲ့ တပည့် ပယ်ဟော့ အားလုံး ဗုဒ္ဓဘာသာ တွေပဲလို့ လက်ခံပါတယ် ။

မေး ။ စတုဘုမ္မိကကိုလဲ ကြိုက်တာ တွေ့ပါတယ် ပေါ့။ (နတ်ဘုံ - ဗြဟ္မာဘုံ

ရှိ-မရှိ၊ ဘုရား ဟောပါဠိ တွေနဲ့ကိုင်ပြီး မေး)၊ ဗုဒ္ဓဟာ ဝိ ဘဇ္ဇဝါဒီ သမား မဟုတ်လား -

ဖြေ ။ ဟုတ်ပါတယ်ဘုရား ။

မေး ။ အဲ ဒီလို ဝိဘဇ္ဇဝါဒီလို့ ကိုယ်တော်တိုင်က ဟော ဖော်ခဲ့တဲ့အတိုင်း၊ ဘု ဒ်ဟပည့်အ ပေါင်းအားလည်း ဝေဖန်ခွင့်၊ သုံးသပ်ခွင့် မပြု မလုပ်ရန်တားမြစ်တော်မူပါသလား -

ဖြေ ။ မတားခဲ့ပါဘုရား ။

မေး ။ တကာ လေး-ကာလာမသုတ်မှာ ဖတ်ဖူးရဲ့လား -

ဖြေ ။ ဖတ်ဖူးပါတယ်ဘုရား ။

မေး ။ ဒီကာလာမသုတ်မှာ မြတ်စွာဘုရားရဲ့တရားတော်များကို၊ တရား ဆိုတိုင်း အဂ္ဂမ်းမယုံဖို့၊ လက်မခံဖို့၊ စမ်းစစ် ဝေဖန်ဖို့ ဟော တယ်မဟုတ်လား ။

ဖြေ ။ " ဒီလိုမဟုတ်ပါ၊ ပုဂ္ဂလဒိဋ္ဌာန် ဝေဖန်ဖို့ မပါပါ" (ဦး နေ ရာဇ္ဇဝတ်လုံဦးလှ ကျော်က ဘယ်တရားဖြစ်ဖြစ် ဝေဖန် ရမယ်လို့ဆိုတယ မဟုတ်လားဟု မေးတယ်) ။

ဦးထိန်ဝင်း - " ဒါဟာ ကာလာမပုတ္တားတံကို လုမ္ဘိုးစုံလာပြီး၊ ဟိုတရား ဒီတရား တွေကို ငုဒ္ဓဘုရား ဟောဟု ပြောဆိုကြတယ်ဆိုပါတယ်" ဒါနဲ့ ကာလာမပုတ္တားက-ဘုရားရှင်အား လျှောက်တယ်၊ ဒီတော့ ဘုရားရှင်က ဝေဖန်ရမယ် တော့မဆိုပါဘူး၊ စစ်ဆေး စုံ စမ်းရမယ် တော့ ဟောပါတယ်။ ဒါလဲပဲ ဒီနေရာမှာတွင် ဟော တာပါ၊ တခြားကိစ္စနဲ့မဆိုင်ပါဘူး" ။

မေး ။ မဝေဖန်ရဘူးလို့များ အတိအလင်းဆိုထားတာ ရှိပါသလား -

ဖြေ ။ ဒီလို တော့မတားမြစ်ပါ။ တားမြစ်ထားတာ တွေ့ မတွေ့ဘူးပါ ဘုရား ။

မေး ။ ဘုရားကိုယ်တော်တိုင်ကိုက ဝိဘဇ္ဇဝါဒကို တော့ယူတာမဟုတ်လား၊ ဝေဖန်တာဟာ ဘာဆန့်ကျင်နေလို့လဲ -

ဖြေ ။ မဆန့်ကျင်ပါဘုရား၊ သဘောကျပါတယ် ။



မေး ။ ပိဋကတ်တော်များ ဖွင့်ဆိုထားကြတာကို ဋီကာ၊ အဋ္ဌကထာလို့ ခေါ်တယ်မဟုတ်လား -

ဖြေ ။ မှန်ပါဘုရား ။

မေး ။ သုတ္တ၊ မာဂဓ၊ ပါဠိ၊ နောက်မြန်မာပြန် စသည်ဖြင့်အဆင့် ဆင့် ပြန်ကြတာမှာ ဦးမူတဲ့အဓိပ္ပါယ်ရ ပါ့မလား -

ဖြေ ။ ရ ပါတယ်ဘုရား ။

မေး ။ ဒုကာယ်တို့ နိကာယ်တို့မှာ ကွဲနေတာ တွေ့ကြားဘူးရဲ့လား -

ဖြေ ။ ကြားဖူးပါတယ်ဘုရား ။

မေး ။ ဥပါဒ်၊ ဌီ၊ ဘင် ဆိုတဲ့ ခဏငယ်သုံးချက်ကို ရှေးအားနည်း ... နဲ့ မဟု တော့ဘူး-နိုဘ ဟော အချို့အချို့မှာလဲ ကွဲလွဲတာ တွေ့ ... -

ဖြေ ။ အချို့အချို့ ဆိုတာကို တော့ တပည့်တော်လက်ခံပါတယ် ။

မေး ။ လယ်တီဆရာ တော်ဘုရားကြီးဟာ မဟာဋီကာကို ... ပြီး၊ ... က ဋီကာ တွေ့ကိုပယ်ခဲ့တယ် -

ဖြေ ။ ကြားဖူးပါတယ် ။

မေး ။ ဝိသုဒ္ဓိမဂ်ကို ရှင်မဟာဗုဒ္ဓ ဃောသဟာ သုကြိုက်တဲ့အတိုင်း ဖွင့် ဆိုခဲ့တာ မဟုတ်ပါလား၊ ရေးကောင်းရဲ့လား -

ဖြေ ။ ရေးကောင်းပါတယ် ။

မေး ။ အနို-လု သေလုဖြစ်စာအုပ်ကိုလဲ ကျမ်းပြုသူဟာ ပါဠိ တော်ထဲက ကြိုက်ရာပါဠိစာပိုဒ်ကို အကိုးအကားပြုပြီး ရေးရင် ကော ရေး ခွင့်ရှိရမယ်မဟုတ်လား -

ဖြေ ။ မပေးနိုင်ပါဘုရား ။

မေး ။ ဒီစာအုပ်ကို ရေးရာမှာ ဒိဋ္ဌဓမ္မ၊ ပဌမဓမ္မ၊ ပစ္စ ရော၊ နိယ တော စတဲ့ သံယုတ်ပါဠိ တော်ကိုအ ခြေခံ၍ သူ့ဉာဏ်အတိုင်း သုရေး ရင်ကော -

ဖြေ ။ ဒီလို မယူသနိုင်ပါ။

မေး ။ ပါဠိ တော်က ဖွင့်ဆိုပြတဲ့ နိဗ္ဗာန် တော့လက်ခံတယ်မဟုတ်လား -

ဖြေ ။ လု-နစ်-ပြဟ္မာ ချမ်းသာတယ်၊ လက်ခံတယ်ဆိုရင် လက်ခံပါတယ် ။

မေး ။ စာမျက်နှာ ပါတ်(၁၃)မှာ ဘာသာမှန်သမ္ဘူတို့ရဲ့ အဓိကဟာ -

လူသားအားလုံးရဲ့ ချမ်းသာရေး ငြိမ်းရေးပဲလို့ဆိုထားတယ် မဟုတ်လား၊ ဘာသာဝန်ထမ်းတွေ ကျောင့် ကမ္ဘာမှာ ဘာသာရေး စစ်ပွဲကြီး တွေဖြစ်ခဲ့ရတယ်၊ လောကမရာဇဝင်၊ ကမ္ဘာ့ရာဇဝင် တို့မှာ တွေ့ရတယ် –

ဖြေ ။ တပည့်တော်တို့ ဗုဒ္ဓဘာသာက ဒီလိုမဟုတ်ခဲ့ပါဘုရား ။

မေး ။ ဝိဇ္ဇာ ရဏဉာဏ် ကျောင့်သာ ဒီကမ္ဘာကြီး ရေ့ဒီယို စက်ယန္တရားဇ် အနုမြူ၊ ဟိုက်ဒြိုဂျင်တို့ ခတဲ့ ဘာ တွေထိ တိုးတက်လာတယ် မဟုတ်လား –

ဖြေ ။ အနုမြူ၊ ဟိုက်ဒြိုဂျင်ဆိုတာကို လုပ်တဲ့ဝိဇ္ဇာ ရဏဉာဏ် တော့ တပည့်တော် မကြိုက်ဖူးဘုရား၊ လူတွေ သေကုန်မဲ့လက်နက်တွေပါ ။

မေး ။ အရိယာလမ်း၊ ပုထုဇဉ်လမ်း (၂) လမ်း၊ ဘယ်လမ်းလက်ခံကြရမလဲ –

ဖြေ ။ ဒီ (၂) ချက်နဲ့ မပြည့်မစုံ သေးပါဘုရား။ မပြည့်စုံဘဲနဲ့ တော့ အရိယာ ရော၊ ပုထုဇဉ် ရော တပည့်တော်လက်မခံတတ်ပါ။

မေး ။ မှားသလား – မှန်သလား –

ဖြေ ။ မှားတယ် မှန်တယ် တော့ မဆိုလိုပါ။

မေး ။ အရိယာဆိုတာ ဗွဲလမ်းမှ မရှိဘာ လေ –

ဖြေ ။ ဒါ တော့ လက်ခံပါတယ်ဘုရား ။

မေး ။ အရဟတ္တ ပစ်ပုဂ္ဂိုလ်များ ဗွဲလမ်းမှု –

ဖြေ ။ မှန်ပါ မရှိပါ ဘုရား ။

မေး ။ မဂ္ဂ ဌာန် (၃) ယောက်ဆိုတာ အောက်သင့်ကလူ တွေမဟုတ်လား၊ အစွဲရှိတယ် နော် –

ဖြေ ။ ရှိပါတယ်ဘုရား ။

မေး ။ ဥပါဒါန်၊ တဏှာပြတ်ရင် ဘဝပြတ်တယ် မဟုတ်လား –

ဖြေ ။ နိဗ္ဗာန်ရောက်ဆိုတာ ရ မရ မသိပါ၊ တဏှာပြတ်ရင် ဘဝပြတ်ပါ တယ်ဘုရား ။

မေး ။ ဇမ္ဗူပြည်မှာ ငရဲနဲ့ မြောက်၊ ဘုံခန်းနဲ့ မြောက်ဆိုတာကြားဘူး တယ် မဟုတ်လား –

ဖြေ ။ မှန်ပါ ကြားဘူးပါတယ်ဘုရား ။



မေး ။ အရိယာကျ တော့ မြောက်တိုင်း မြောက်တိုင်း ရမည်လား –

ဖြေ ။ ဒါ ကြိုက် ပါတယ် – လက် ခံ ပါတယ် ။

မေး ။ ဒီ (၃၁) ဘုံ တွေဆိုတာ ဘုရားမပွင့်မီက ပေါ် နေတဲ့ဘုံ တွေ ဆိုတာသိရဲ့လား –

ဖြေ ။ ဘုရားပွင့်ပြီးလား – မပွင့်သေးခင်ကလား မသိပါ (၃၁) ဘုံ တော့ရှိ ပါတယ် ။

မေး ။ ဒါဖြင့်ရင် ဘုရားအဖြစ် ရောက်လို့ တရားဦး ဟောရန် ကြည့် တဲ့အခါမှာ ဆရာကြီး (အာဠာရ) ကိုမြင်တော်မူတယ်။ (ဒီတော့ ဝု တေန့်ငံပြီ၊ ဗြဟ္မာပြည် ရောက်သွားပြီဆိုတာ လေ) အဲဒီနေရာ မှာ ဘုရားမပွင့်မီကပဲ ဗြဟ္မာ့ပြည် ရောက် နေတဲ့အကြောင်းထင် ရှား နေ တော့၊ ဘုရားမဟော ခင်က ဒီဗြဟ္မာဘုံ တွေရှိ နေတယ် ဆိုတာ ထင်ရှားတယ် မဟုတ်လား –

ဖြေ ။ မှန်ပါ ဘုရား ။

မေး ။ ဘုရားမပွင့်မီက ရှိ နေတဲ့ ဘုံ (၃၁) ကို ဘုရားဖြစ်မှ သဗ္ဗညုတ သမန္တ၊ ဒိဗ္ဗစက္ခုနဲ့ ဝိစစ်ပြီး တော့ ဟော တော်မူတဲ့တရားပါလို့ ခေါ်ဆိုနိုင်ပါ့မလား –

ဖြေ ။ တပည့် တော် (၃၁) ဘုံ ရှိ ကြောင်း ပါဠိ တော် တွေပြပါ့မယ် ။

မေး ။ ပါဠိ တော် တွေထားပါဦး၊ ရှေ၊ အနု ကိုယ်နိဝင်း တို့ရဲ့ ဗြဟ္မာပြည် တွေ၊ နတ်ပြည် တွေ ရောက်ဖို့ လမ်း ရှိမရှိဆိုတာသိဘို့ ပါဠိ တော် သုတ်ကြီးတသုတ် ဖတ်ပြပါ့မယ် ။

တို့နောက်ဆရာ တော်သည် အဌင်္ဂဝနထံမှ အတုပါလာ သော စာအုပ်ကြီးတအုပ်ကိုယူ၍ တရားသူကြီးသို့တင်ပြလိုက်၏။ ထိုစာအုပ်မှာ ဆဋ္ဌသံဂါယနာတင် ပိဋကတ် တော်၊ ဒီဃနိကာယ်ဝင် သုတ္တံ ပိဋကတ် သီလက္ခန္ဓဝဂ်၊ ပါဠိ တော်မြန်မာပြန် ပေါဋ္ဌပါဒသုတ်၊ စာမျက်နှာ နံပါတ် ၁၉၉၊ အပိုဒ် ၄၂၅ ရှိ၊ ဘုရားရှင် ဟောချက်မှာ – နတ် ရှိမရှိ ဆိုင်ရာအခန်းကို ဖတ် လေသည် ။

ပါဠိ တော်ပါ– ဖတ်သည့်အတိုင်းမှာ – –

အရှင်တို့ ထိုသို့ဖြစ်မူ ချမ်းသာ သော လောကသို့ မျက်မှောက်ပြုရန် ဤကားလမ်းတည်း၊ ဤကားအကျင့်တည်းဟု သင်တို့သိသ လော ဟု ဤသို့ မေး သော် မသိပါဘုရားဟုဆိုကုန်၏။ ငါသည် ထိုသူတို့ကို ဤသို့ မေးမြန်း၏။ အရှင်တို့ ထိုသို့ဖြစ်သော်မူ စင်စစ် ချမ်းသာကြသော လောကကို မျက်မှောက်ပြုရန် ကောင်းစွာကျင့်ကုန် သလော။ ဖြောင့်မတ်စွာကျင့်ကုန် သလော။ အရှင်တို့ ငါတို့သည်လည်း ဤသို့ကျင့်ကုန် သော ကြောင့် - စင်စစ် ချမ်းသာ သော လောကသို့ ရောက်ကြရကုန်၏ဟု စင်စစ်ချမ်းသာ သော လောကသို့ ရောက်ရန် နတ်တို့၏ ပြောဆိုသံကိုကြားရကုန် သလော၊ ဤသို့ ငါမေး သော် မကြားရပါဘုရား ဆိုကုန်၏ ။

ပေါဋ္ဌပါဒ - ထိုအရာကို အဘယ်သို့ထင်သနည်း -

ဤသို့ဖြစ်လျှင် သမဏ ဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ် မရှိ သော စကားဖြစ်နေသည် မဟုတ် လော - မဟုတ် လော ။

အရှင်ဘုရား ဤသို့ဖြစ်လျှင် ထို သမဏ ဗြာဟ္မဏတို့၏ စကားသည် အခြေအမြစ်မရှိ သော စကား မချွတ်ပင်ဖြစ် နေ ပါသည်။

(ထိုအရာကို ဂျက် သေ ဦးထိန်ဝင်းက ဖတ်ပြသည်။)

ထိုနောက် ဗြဟ္မာ - နတ် ရှိ မရှိကို တဖန်ပြန်ရှင်းရန် - ပါဠိတော်စာမျက်နှာ ၂၅၆၊ အပိုဒ်နံပါတ် ၅၂၅၊ ဝါသေဋ္ဌ ပုဏ္ဏားလုလင်အား ဘုရားရှင်က စိစစ် မေးမြန်းခြင်းမှ ဖတ်ပြ စေ ပြန်သည် ။

ဝါသေဋ္ဌ - ဗေဒင်သုံးပုံ ဆောင်ပုဏ္ဏားတို့တွင် ဗြဟ္မာကို မျက်ဝါးထင်ထင်မြင်ဘူး သော ပုဏ္ဏား တဦးတ ယောက် မျှလည်း ရှိဘူးသလော?

အရှင်ဂေါတမ - မရှိပါ။

ဝါသေဋ္ဌ - ဗြဟ္မာကို မျက်ဝါးထင်ထင်မြင်ဘူး သော ဗေဒင် သုံးပုံ ဆောင်ပုဏ္ဏားတို့၏ဆရာတဦးတ ယောက်မျှလည်း ရှိကြပါ၏ လော?

အရှင်ဂေါတမ - မရှိပါ။

ဗေဒင်သုံးပုံ ဆောင်ဝါသေဋ္ဌ - ဗြဟ္မာကို မျက်ဝါးထင်ထင် -



မြင်ဘူး သော ဗေဒင်သုံးပုံ ဆောင်ပုဏ္ဏားတို့၏ဆရာ့ဆရာ တဦး တ ယောက်မျှလည်း ရှိသ လော -

အရှင်ဂေါတမ - မရှိပါ။

ထိုနောက် ထိုပုဏ္ဏားတို့၏ဆရာ့ဆရာ ရသေ့တို့သည်လည်း ဝေဒါန်ကျမ်းများကိုလိုက်၍ သီဆိုကြကုန်၏။ ရွတ်ဆိုတိုင်း လိုက်၍ ရွတ်ဆိုကြကုန်၏။ ထိုရသေ့အဆက်ဆက်တို့သည်လည်း ဗြဟ္မာ နေရာကို၊ ဗြဟ္မာလားရာလမ်း၊ ဗြဟ္မာသွားရာအရပ်တို့ကို ငါတို့သိကုန်၏။ ငါတို့ မြင်ကုန်၏ဟု ဤသို့ ပြောကြားခဲ့ကုန်၏ လော -

အရှင်ဂေါတမ - မပြောကြားခဲ့ပါကုန် ။

ဝါသေဋ္ဌ - အချင်းချင်းဆွဲကိုင်ဆက်စပ်နေ သော သူကန်းတို့၏ အစဉ်အတန်းတွင်၊ ရှေ့ဆုံးသူသည်လည်း မမြင်၊ အလယ်လူလည်း မမြင်၊ နောက်ဆုံးလူလည်း မမြင်သကဲ့သို့၊ ဝါသေဋ္ဌ - ဤအတူပင် ဗေဒင်သုံးပုံ ဆောင်ပုဏ္ဏားတို့၏ စကားသည် ရယ်ဖွယ်သာဖြစ်ချေ သည်။ အပြောမျှသာဖြစ်ချေ၏။ အချည်းနှီးသာဖြစ်ချေ၏။

ထိုစာနုပ်ကို ဦးထိန်ဝင်းက ဖတ်ပြ သောအခါ ရုံးရှိပရိသတ်လည်း ဟာကနဲ ဖြစ်သွားကြသည်။ ရယ် မောကြသည်။ ဆက်၍ တော်အုပ် ဥက္ကဋ္ဌ က ဆက် မေးသည်မှာ --

မေး ။ ပုထုဇဉ်ကိုအကန်းနှင့်တူတယ်၊ အဒိယာမှာ မျက်စိနဲ့သွားနိုင်တယ်၊ ဆိုတာကြားဖူးသလား -

ဖြေ ။ ကြားဖူးပါတယ်၊ နေ ရာလိုက်လို့ပါဘုရား ။

မေး ။ ပုထုဇဉ်ဆိုတာ ဥပါဒါန်အနဲအများရှိကြတယ်မဟုတ်လား -

ဖြေ ။ မှန်ပါ။

မေး ။ ဒီတော့ - သမ္မာဒိဋ္ဌိဆိုတာ လေ - ပုထုဇဉ်မှာရနိုင်ပါ့မလား -

ဖြေ ။ ရနိုင်ပါတယ်ဘုရား ။

မေး ။ တစောက်ကန်း အဘိဓမ္မာရယ်၊ အလယ်လမ်း အဘိဓမ္မာရယ်လို့ ရေးထားတာလက်ခံသလား ။

ဖြေ ။ လက်မခံနိုင်ပါ။ တဆောက်ကန်း အဘိဓမ္မာနဲ့တွဲထားတာလဲ သဘောမကျပါ။

မေး ။ ဒါက–ဆီနီးယမ်မှာ ဒွိတ္တ–အဒွိတ္တ ဝါတဲ့အဘိဓမ္မာ တွေမှာ တချို့က နာမ်ချည်းဖိရေး၊ တချို့က ရုပ်ပိုင်းချည်းဖော်ရေးနဲ့ အဘိဓမ္မာ သဘောတရားတွေအမျိုးမျိုးရှိလို့ ဒီအဘိဓမ္မာတွေကို စုပေါင်းပြီး တဆောက်ကန်း အဘိဓမ္မာလို့ အမည်တပ်လိုက်တာပဲ ။

အလယ်လမ်း အဘိဓမ္မာဆိုတာက တော့ ဦးပဉ္ဇင်းတို့ ဗုဒ္ဓ အဘိဓမ္မာကိုဆိုလိုတာ ပေါ့ –

ဖြေ ။ အလယ်လမ်း အဘိဓမ္မာဆိုတဲ့ အဘိဓမ္မာက တော့ ဆရာတော်ရှင်း ပြသည့်အတိုင်း ဆိုရင် အဖြစ်မရှိပါဘုရား ။

ထို့နောက် ဆရာတော်အသျှင်ဥက္ကဋ္ဌက ဓမ္မစေတီဂိုဏ်းမှ ထုတ်သော စာအုပ်တအုပ်ကို တရားသူကြီးနှင့်သက်သေ ဦးထိန်ဝင်းတို့အား တိုးတိုးသာကြိတ်၍ဖတ်စေပါသည်။ အသံမကြားရပေ။ မျက်နှာများအတော်ပြောင်းသွားကြသည် ။

မေး ။ ဒီစာအုပ်က– ဒီအခန်းပါစာနဲ့ ဂျပ်တို့ထုတ်တဲ့စာအုပ်နဲ့ဘယ်ဟာက ပိုဆိုးသလဲ –

ဖြေ ။ (ရယ်မောလျက်) ဆရာတော်စာက နက်နဲပါတယ်ဘုရား ။

မေး ။ စတုဘုမ္မိက ကိုလဲ ကြိုက်တာတွေ ပါတယ်ပေါ့ –

ဖြေ ။ စတုဘုမ္မိကရော၊ ဓမ္မစေတီကရော အားလုံးဆိုသလို တပည့်တော် အနေနဲ့ ကြိုက်တာလဲပါ ပါတယ်၊ မကြိုက်တာလဲ ပါ ပါတယ်ဘုရား။ ပိဋကတ်တော်မှာသာ မူလပါ။

မေး ။ ကောင်းပြီ–အခုလိုဗမာပြည်မှာ ဂိုဏ်းတွေကွဲကြသလို၊ လက်ရှိ ကမ္ဘာအရပ်ရပ်မှာလဲ ထေရဝါဒ၊ ဟီနာယန တို့ မဟာယနတို့ စသည်ဖြင့် ကွဲနေတာလဲသိမှာ ပေါ့ –

ဖြေ ။ သိပါတယ် ။

မေး ။ ဗမာပြည်က ဘယ်ဂိုဏ်းလဲ –

ဖြေ ။ ထေရဝါဒ ပါ။



မေး ။ ဒီသာသနာဝင်အရ၊ တတိယသံဂါယနာတင်ပွဲကို အသောကမင်း တင်ပြီးနောက်မှာ ဂိုဏ်းပေါင်းမည်မျှကွဲတယ်ဆိုတာ သိသလား –

ဖြေ ။ မသိပါ– တပည့်တော် ဒီအထိမလေ့လာဘူးပါ။ ကွဲကြတယ်ဆိုတာကို သိပါတယ်ဘုရား ။

မေး ။ အဲဒီသံဂါယနာ နောက်မှာ ဂိုဏ်းကြီး (၁၈) ဂိုဏ်းကွဲကြတယ်ဆိုတာ ကော ကြားဖူးသလား –

ဖြေ ။ မကြားဖူးပါ။

မေး ။ အစကဖြစ်တဲ့ ထေရဝါဒနဲ့ မဟာယနကွဲတာဟာ ဘာကိုမူတည်ပြီး ကွဲခဲ့သလဲ –

ဖြေ ။ ဝိနည်းတို့ အကျင့်တို့ကြောင့်ပါ။ တပည့်တော်ကြားဘူးတာ တော့– မဟာယနက ဆုန်လမ်း၊ ဣဒ္ဓိပါဒ်လမ်း၊ ထေရဝါဒ က ဉာဏ် လမ်း ဖြစ်ကြလို့ ကွဲတယ်လို့လဲကြားဖူးပါတယ်ဘုရား ။

မေး ။ ဘယ်ဟာက ဗုဒ္ဓဘာသာ စစ်တယ်လို့ဆိုမလဲ –

ဖြေ ။ စစ်မစစ်ဆိုတာ တော့ တပည့်တော်မသိပါ။ အားလုံး ဗုဒ္ဓဘာ သာ တွေချည်းပဲလို့သာသိပါတယ်။ ကိုယ့်နည်းနဲ့ကိုယ် တိတိကျကျလိုက် နာ နေကြတယ်လို့ တော့ တပည့်တော်ယုံကြည်ပါတယ်ဘုရား ။

မေး ။ ဒီက– ထေရဝါဒဘုရားဟာ လူကဖြစ်တဲ့ဘုရားပဲလို့ဆိုပြီး၊ ဟို မဟာယန ဘုရားဆိုတာ၊ ဘုရားကပဲ အမြဲပြန်ဘုရားဖြစ်နေ တယ်ဆိုတာ ကြားဘူးသလား –

ဖြေ ။ ကြားဖူးပါတယ်ဘုရား ။

မေး ။ ပြီးတော့ ပိဋကတ်တွေလဲ (၂) ဖက်မှာရှိကြတယ်၊ အဲဒီပိဋကတ် တွေဟာ ဒီကဟာနဲ့ ဟိုကဟာ တွေတူကြသလား –

ဖြေ ။ မတူတာ တွေလဲရှိပါတယ်၊ တူတာ တွေလဲရှိပါတယ် ။

မေး ။ အဘိဓမ္မာချင်း ကောတူရဲ့လား –

ဖြေ ။ တပည့်တော်မသင်ဖူး၍ မသိပါ။

ကမ္ဘာအရပ်ရပ်တွင် လက်ရှိဂိုဏ်းပေါင်းများစွာကွဲလျက် အကျင့်အမျိုးမျိုးကွဲကြပုံ၊ အယူအဆကွဲကြပုံ၊ သုတ္တံကျမ်းများ အမျိုး မျိုးဖြစ်နေပုံများကို ဆရာတော်ကရှင်းလင်းပြီး နောက်– –

၂၄။

မေး ။ ဂျပန်ပြည်မှာ ဗုဒ္ဓဘာသာဂိုဏ်းပေါင်း (၁၁) ဂိုဏ်းရှိတယ်။ အားလုံး အစစ်တွေပဲလို့ဆိုမလား -

ဖြေ ။ စစ်မစစ်တော့ မသိပါ၊ ဗုဒ္ဓဘာသာ တွေချည်းပဲလို့ တော့ယုံကြည်ပါတယ်။

မေး ။ တိဗက်ပြည်က ဗုဒ္ဓဘာသာ တွေကော -

ဖြေ ။ စစ်မစစ်မသိပါ၊ ဗုဒ္ဓဘာသာ တွေချည့်ပဲလို့ တော့ယုံပါတယ်။

မေး ။ တချို့ဂိုဏ်းတွေမှာ ဗုဒ္ဓနဲ့ပတ်သက်လို့ကွဲကြတယ်၊ တချို့လဲ ဝိနည်းအကျင့်များနဲ့ကွဲကြတယ်၊ တချို့ ပိဋကတ်စာ ကွဲကြတယ် ဆိုတာ လေ တော့လက်ခံရဲ့လား -

ဖြေ ။ ကွဲတာ တော့ လက်ခံပါတယ်။ ဗမာပြည်မှာဘုရားရှင်နဲ့ပတ်သက်ပြီ ကွဲတာ မရှိပါ။ ဝိနည်းအကျင့် အယူအဆ လေးနဲ့ပတ်သက်လို့ကွဲတာ တွေပဲရှိပါတယ်။

မေး ။ ဒီလောကဂိုဏ်းပေါင်းများစွာကွဲနေကြရင် ဟောပြောချက်များ ကော တူညီနိုင်ပါတော့မလား။ ဂျပန်ပြည်မှာရှိတဲ့ (ဇင်ဒို) ဆိုတဲ့ ဂိုဏ်းမှာဆိုရင် ဘုန်းကြီး ရဟန်းများ မိန်းမယူနိုင်တယ်ဆိုတာ ကြားဘူးသလား -

ဖြေ ။ ဒါတော့မသိပါ။ ဂိုဏ်းတွေများတာ တော့ ဟောပြောချက်များ - ကိုက်ညီတယ်လို့မဆိုနိုင်ပါ။

မေး ။ မကိုက်ညီတာနဲ့ ဘယ်တကားကဖြင့် မဟုတ်ဖူးလို့ ပြောနိုင်တာ ရှိပါရဲ့လား -

ဖြေ ။ ဒီလို မဟုတ်ဖူးလို့ တော့ ပြောနိုင်တာမရှိပါ။

မေး ။ ဘုရားဟောနဲ့ ညီ - မညီ တော -

ဖြေ ။ ဘုရားနဲ့ မညီ ၊ မဟုတ်လို့ တော့ မဆိုတတ်ပါ။

မေး ။ ဒီမှာတော့ မုလအခြေခံသဘော ပေါက်ဝုံမှုပါပဲ၊ နောက်ထပ်ပြီး တကာ လေးစုပ်စုံထားတာတွေကိုရှင်းလင်းရမယ်ဆိုရင်၊ တမျက်နှာ (၉၄) မှာ ဗုဒ္ဓဘုရားအလိုနဲ့ ဥပါဒါန်စွဲရှိသူနဲ့ မရှိသူ ဟူ၍ (၂) မျိုးရှိတာ တော့လက်ခံရဲ့လား -

ဖြေ ။ လက်ခံပါတယ် ဘုရား ။



မေး ။ တကာ လေးဟာ အဲဒီဥပါဒါန်စွဲကင်းသူထဲကလား မကင်းသူထဲကလား -

ဖြေ ။ တပည့်တော် ပုထုဇဉ်ပါ၊ ကင်းမယ်လို့မဆိုနိုင်ပါ။

မေး ။ တမျက်နှာ (၉၄) မှာ " ဥပါဒါန်တည်းဟူသော အစွဲလုံးဖြင့် ဘာသာရေးမှိုင်းမိနေသူသည် သက်မဲ့ပစ္စည်းအချို့မှ ကောင်း ရောဂါများကို ပျောက်ကင်းအောင် တန်ခိုးပါဝါရှိသည်ဟု ယုံကြည်ခဲ့သည့် ယုံမှားသော ပုဂ္ဂိုလ်တို့၏အရိုး၊ ၎င်းတို့၏အဝတ်၊ ဆံပင်တို့သည် ရောဂါအမျိုးမျိုးကင်းစင်ပပျောက် စေရန် ပရိတ်မန္တာန်ရွတ်ဖတ်ကြကုန်၏ဟု ရေးခဲ့တယ်၊ ဒါဟာ ဘာထိနိုက်သလဲ -

ဖြေ ။ တပည့်တော်တို့ ဥပါဒါန်မကင်းသူ တွေဆိုတော့ သိပ်နာတာ ပေါ့ ဘုရား ။

မေး ။ အဲဒီလို ဥပါဒါန်မကင်းသူ တွေကို ရေးတာအပြစ်ရှိသလား -

ဖြေ ။ အမှန်အတိုင်း ပြောလို့ လက်မခံနိုင်တာပါ ဘုရား ။

မေး ။ အဲဒါ ဘာအပြစ်ရှိသလဲ -

ဖြေ ။ စိတ်နှလုံးထိနိုက်လို့ပါ၊ တပည့်တော်တို့က ယုံကြည်သူ တွေပါ။

မေး ။ သုတော်စဉ်တို့ရဲ့ ဆံပင်၊ အရိုးဆိုတာ ဗုဒ္ဓ ဆိုတဲ့စကား ပါသလား၊

ဖြေ ။ သုတော်စဉ်ဆိုတော့ သုတော်ကောင်း တွေ ပါပါတယ်။

မေး ။ ဟိုအရင်က စစ်ပြီးချိန်မှာ ဘန်တော်ကြီးတပိုက်၊ အနုက နေ့ဒီ ကျွန်းတလျှောက်မှာ ဘုရားစေတီ တွေတည်ကြ တော့ ဖျက်ပစ်ကြတယ်၊ ဒီအထဲမှာ ဆံပင်တွေ အဝတ် တွေ တွေ့တယ်လို့ ပြောကြတယ် အဲဒီလိုယုံကြည်ချက် တွေဟာ မှန်သလား -

ဖြေ ။ မှန်ပါတယ်။

မေး ။ ဒီလိုလူမျိုး တွေဟာ စားလမ်းဖွင့်တယ်၊ ဒီလိုလု တွေကိုရည်ရွယ် တယ်လို့ဆိုရင် မှားမလား -

ဖြေ ။ ယုံကြည်သူ တွေလဲရှိ၊ မယုံကြည်သူ တွေလဲပါပါတယ်၊ ယုံကြည်သူ တွေ အတွက် မှားပါတယ်။

မေး ။ အဲဒီနတ်ပိဋကကိုလဲ မယုံတဲ့လူ တွေရှိတယ်၊ လက်ခံရဲ့လား -

ဖြေ ။ လက်ခံပါတယ် ။

မေး ။ ဝိဇာဂုဏ်ဉာဏ်နဲ့လူတွေအတွက် ရေးတာပါပဲ - ထိခိုက်သလား -

ဖြေ ။ တပည့်တော်တို့လို ယုံကြည်သူတွေကိုထိခိုက်လို့ နာပါတယ် ။

မေး ။ လိမ်သူ့ဒို့လို့ လိမ်သူတွေပဲ ပြောတာအဖြစ်ရှိသလား -

ဖြေ ။ ယောနိသော၊ အယောနိသော - သဘောမှာရှာပါတယ် ။

မေး ။ ဘုရားက အတ္တနဲ့ အနတ္တ ဘယ်ဟာကိုအဓိကယူသလဲ -

ဖြေ ။ တပည့်တော် အတ္တရော အနတ္တရော ကောင်းစွာမသိပါ ။

မေး ။ အနတ္တ လက္ခဏာသုတ်ကို သိသလား -

ဖြေ ။ အနတ္တရော - အတ္တရော သုတ်တွေရှိတယ်လို့ဆိုပါတယ် ။

မေး ။ ဘယ်ဟာကိုပွားများရမယ်လို့ ဟောသလဲ -

ဖြေ ။ အတ္တကိုလဲ ဟောပါတယ် ။

မေး ။ မှန်သောတရားလို့ ဟောသလား -

ဖြေ ။ မသိပါ ။

မေး ။ ဘုရားတွေထဲမှာ နတ်ဘုရားဆိုတာတွေဟာ ဂေါတမဗုဒ္ဓ လို့ဆိုတဲ့ စကားလုံးပါသလား -

ဖြေ ။ မပါပါ ။

မေး ။ ဗုဒ္ဓဘုရားသည်သာ အနတ္တဝိဉာဉ်နဲ့ ကမ္မဝါဒတွဲပြီးမြင်တဲ့ဘုရား လို့ဆိုတဲ့ချင်းချက်ကို စာမှာတွေ့သလား၊ ဒါအဖြစ်ရှိသလား ။

ဖြေ ။ ဒီနေရာမှာတော့ မရှိပါ ။

မေး ။ သွာ့ဘော - ဘဂဝတာ ဓမ္မော ဆိုတဲ့ ပါဠိတော်အရ၊ ဘုရားနဲ့ကမ္မ ဝါဒဟာ ချက်ချင်း လက်ငင်း လက်တွေ့ဖြန့်ရှိတဲ့ဝါဒဆိုတာ ငြင်း မလား၊ ငြုပ်သီးစားရင် ချက်ချင်းစပ်တယ်ဆိုတာ ပါတယ်၊ ဘုရား ရှင်ရဲ့ အာဘောဂနဲ့ မညီလို့ ဆိုမလား -

ဖြေ ။ အာဘောဂနဲ့ မညီပါ ။

မေး ။ အဖွဲ့ဥပါဒါန် တွေ ပြတ်ဖို့ ရေးတာ တွေပဲ မှားသလား -

ဖြေ ။ တပည့်တော်ထင်တာဟာ မှားချင်လဲမှားမယ်၊ မှန်ချင်လဲမှန်မယ်၊ ဒီနေရာမှာတော့ ဆရာတော်အမိန့်ရှိတာ သိပ်ကောင်းပါတယ် ။ ဥပါဒါန်ကြောင့်ဆိုတာ လက်ခံပါတယ် ။



မေး ။ ဗုဒ္ဓဘာသာမှာ နိဗ္ဗာန်ဟာ အရေးအကြီးဆုံးပန်းတိုင်မဟုတ် လား၊ ဘာကိုအဓိကထား သွားမလဲ -

ဖြေ ။ မဂ္ဂင်ရှစ်ပါး ပါ ။

မေး ။ အဲဒီမဂ္ဂင်ရှစ်ပါး မပါပဲနဲ့ နိဗ္ဗာန် ရောက်ပါ့မလား -

ဖြေ ။ မရောက်နိုင်ပါ ။

မေး ။ နိဗ္ဗာန် ရောက်အောင်မလုပ်ရင် မိစ္ဆာဒိဋ္ဌိလား -

ဖြေ ။ သဒ္ဓါ လေးပါးကိုသက်ဝင်ယုံကြည်သူအား သမ္မာဒိဋ္ဌိဖြစ်တယ်ဆို ရင် ကန့်ကွက်မလား -

မေး ။ ကန့်ကွက်ပါတယ်ဘုရား ။

( <u>မှတ်ချက်</u> = အမှုကို ၁၅ - ၂ - ၆၁ နေ့သို့ ရွှေ့ဆိုင်းလိုက်သည် ) ။

× × ×

လူသော့ချင် တခုခုအမှန်ဖြစ်နိုင်သည်ဟု စကားလိုသက်သေ၊ သာသနာရေးဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးဝန် ဦးလေး မောင်က အစစ်ဆေးခံသည် ။ လူသည် မျောက်ကစသည်ဆိုခြင်းမှာ တ ရားတော်နှင့်ဆန့်ကျင်သည် ။

## "ပစ်ပယ်"

အစိုးရရှေ့နေကြီး ဦးမြဒိန်က ခင်မေးသည်ကို၊ ဦးလေး မောင်က ဖြေကြားအစစ်ဆေးခံရာဝယ်၊ လူ့သေလူဖြစ်စာအုပ် ငဲ့ နှင့် စာမျက်နှာ (၈၁) ပါ စာပိုဒ်တို့သည်၊ နတ်ပြဟ္မာဘုံများကိုပယ်ဖျက်ပါသည် ။ ဘာသာအမျိုးမျိုးဆိုင်ရာ ခေါင်းဆောင်ကြီးများကို ပုတ် ခတ်စွပ်စွဲထားသည်ဟု ယူဆပါသည် ။

## "စွတ်စွဲ"

စာမျက်နှာ ၈၅ / ၃၇ နှင့် ၁၀၈ ပါ စာပိုဒ်တို့သည် ဘာသာ ဝါဒကိုးကွယ်သူများ၊ ဘာသာအသီးသီးမှဘုန်းတော်ကြီးများကို မမှန်မ ကန် စွတ်စွဲစော်ကားထားသည့်အပြင်၊ ပရိတ်ရွတ်ခြင်း၊ ဥပုသ်စောင့် ခြင်း၊ သစ္စာအဓိဋ္ဌာန်ပြုခြင်း စသည်တို့ကိုလည်း စွတ်စွဲစော်ကားပြော ဆိုထား ပါသည် ။

"သရော်"

မုဆိုးပင်နှင့်သံဂါယနာတင်ခြင်းကို ယှဉ်ချထား၍၊ အသိဉာဏ်ကို ဈေးကစားတတ်ပညာနှင့်နှိုင်းယှဉ်၍ သရော်ထားသည့်ပြင်၊ ပုတီးစိတ်ခြင်း ဥပုသ်စောင့်ခြင်း၊ ဆွမ်းသွတ်အမှုပေး ဝေခြင်း၊ စသည်တို့ကိုလည်း သရော်ထားပါသည်။

"ရန်တိုက်"

လူသေလူဖြစ် စာအုပ် စာမျက်နှာ ၁၀၆ နှင့် ၁၃၂ တို့တွင် ဘာသာရေးကိုအပြစ်တင်ထား၍၊ အစိုးရကို ဘာသာရေးနှင့်ပတ်သက်၍ အဓိကရုဏ်းဖြစ်ဖွယ်ရာ အကြောင်းရှိပါသည်။

လူသေလျှင် ကုသိုလ် အကုသိုလ်ကံအား လျော်စွာ ငရဲ၊ တိရစ္ဆာန်၊ လူ နတ် ဗြဟ္မာ တခုခုဖြစ်နိုင်သဖြင့်၊ ဤစာအုပ်တွင် လူသေလျှင်လူဖြစ်မည်ဟု ရေးသားချက်မှာ ဗုဒ္ဓဝါဒနှင့်ဆန့်ကျင်ပါသည်။ ကမ္ဘာပေါ်ရှိ ဘာသာကြီး လေးခုမှာ လူတို့၏စာရိတ္တ မကျိုင်းကိုပြုပြင်နိုင်စွမ်းရှိသည့် အပြင် လူတို့၏စာရိတ္တကိုအထောက်အကူလည်းဖြစ်စေပါသည်။

ဤစာအုပ်တွင် လူသည် မျောက်ကစသည်ဟု ဆိုထားချက်မှာ တရားတော်နှင့်ဆန့်ကျင်ဖက်ဖြစ်ပါသည်။ ဟု ဦးလေးမောင်က ထွက်ဆိုအစစ်ခံသွားသည်။

(၁၉၆၁ ခု၊ မတ်လ ၄ ရက်။ ကြေးမုံမှ)

× × ×



"ပညာရှင်သူများအဖို့ မထောင်းသာ"

"လက်ထောက် သာသနာရေးဌာန ညွှန်ကြားရေးဝန် ထွက်ဆိုသွားပုံ"

လက်ထောက်သာသနာရေးဌာန ညွှန်ကြားရေးဝန် ဦးညွန့်မောင်က ထွက်ဆိုသွားသည်မှာ - လူသေလူဖြစ်စာအုပ်ကို အစမှအဆုံးထိ (၂) ကြိမ်ဖတ်ဖူးကြောင်း၊ "လူသေလူဖြစ်" စာအုပ်တွင်၊ ဗုဒ္ဓဘာသာဝင်များ၏စိတ်ကိုထိခိုက်စေသော စာပိုဒ်အမြောက်အမြား ပါရှိသည်ကိုတွေ့ရပါကြောင်း၊ ကျွန်တော်သည် ၎င်းစာအုပ်နှင့်ပတ်သက်၍ ညွှန်ကြားရေးဝန်ထံသို့ မှတ်ချက်တင်ပြဘူးကြောင်း၊ ကျွန်တော်တင်ပြသည့်မှတ်ချက်အတိုင်း ညွှန်ကြားရေးဝန်က မန္တလေးနှင့်ရန်ကုန်ရှိ ဝိနည်းဓိုရ်ဆရာတော်ကြီးများအား၊ ၎င်းစာအုပ်ပါအချက်အလက်များ ဘုရားဟောနှင့်ညီ မညီ မည်ကဲ့သို့အပြစ်များ ပေးသင့်ကြောင်း အမိန့်ရှိရန် လျှောက်ထားခဲ့ကြောင်း၊ ရန်ကုန် ဝိနည်းဓိုရ်ဆရာတော်ကြီးများက ကျမ်းပြုသူအား လူဝတ်လဲပေးရန်နှင့် မန္တလေးဆရာတော်ကြီးများကလည်း ဥက္ကာပနီယကံနှင့် အပ္ပသာဒပဝေသနီယကံပြုရန် ဆုံးဖြတ်ချက် ပေးပို့ပါကြောင်း။

ကမ္ဘာပေါ်တွင် ထေရဝါဒ နှင့် မဟာယနဂိုဏ်း (၂) ဂိုဏ်းရှိရာ ဝိနည်းတော်နှင့်ကျင့်သုံးရာတွင်မတူညီပါကြောင်း၊ မဟာယနဂိုဏ်းတွင် မိန်းမယူသောဘုန်းကြီးနှင့်မယူသောဘုန်းကြီး (၂) မျိုးရှိသည်ဆိုတာသိပါကြောင်း။

ဂိုဏ်း (၂) ဂိုဏ်းတွင် ဘုရားချင်းကွဲနေသည်ဆိုတာ မသိပါကြောင်း မဟာယနဂိုဏ်းတွင် လူသေလျှင်လူဖြစ်သည်ဟု သောစိတ်ရှိ မရှိ မသိပါ။ "လူသေလူဖြစ်" စာအုပ်သည် နတ်ဗွေဝိဉာဉ်တွေကိုအားပေးရန် မသင့်ကြောင်း ရေးထားသည်မှာ လက်မခံနိုင်ပါကြောင်း။ ထိုစာအုပ်မှာ ပညာနည်းသူများအတွက် ဆိုးရွားသော်လည်း ပညာရှင်သူများအတွက် အချို့အချက်များမှာ မဆိုးရွားပါကြောင်း၊ ထိုစာအုပ်တွင် မကောင်းသော စာပိုဒ်များကိုထုတ်ပစ်လျှင် ကောင်းသောစာအုပ်ဖြစ်သွားလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အဝိဇ္ဇာမာနပညတ်ကိုစွဲနေသော အနိုက်အတန့်တွင် -

ထိုသူအား ပုဒ္ဒဘာသာဟု ခေါ်ဆိုနိုင်မည်မထင်ပါကြောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်ခုံအဖွဲ့ကို သရာတော်အသျှင်ဝါသဝက တိုက်ဖျက်သဖြင့်၊ ဝိနည်းဓိုရ်ဆရာတော်များက အချိုးထား နေသည်ဆိုတာ မသိပါကြောင်း၊ ၎င်းအမှုကိုစစ်ဆေးပြီးမှ တရားခံများကို ဝိနိစ္ဆယရုံးတော်ကဆက်လက်အရေးယူမည်ဟုသိရပါကြောင်းဖြင့်ထွက်ဆိုသွားသည်။

အမှုကိုဆက်လက်စစ်ဆေးရန် မတ်လ (၄) ရက်နှင့် (၈) ရက်နေ့များသို့ ရွှေ့ဆိုင်းလိုက်သည်။

"လုသေလုဖြစ်" စာအုပ်နှင့်ပတ်သက်၍ သျှင်ဥက္ကဌ၊ သျှင်ဝါသဝ၊ ဦးပါနှင့် ဦးစိန်ထွန်းအောင်တို့အပေါ်တွင် ဆိုင်ရာမှ အရေးယူတရားစွဲဆိုထားမှုကို၊ ပဥ္စမရာဇဝတ်တရားသူကြီး ဦးကျော်ဝင်းထွင် တရားခံများအပေါ် စွဲချက်တင်သင့် မတင်သင့်အတွက် (၂) ဖက်သောရှေ့နေကြီးများ လျှောက်လဲချက်ပေးကြပြီး ရုံးတော်မှ အမိန့်ချမှတ်ရန် အမှုကို မတ်လ (၁၅) ရက်နေ့သို့ ရွှေ့ဆိုင်းလိုက်ကြောင်း ။

တရားလိုရှေ့နေကြီးဦးမြှင့်နိုင်က တရားခံများအပေါ် ရာဇသတ်ကြီးပုဒ်မ ၂၉၅ (က) အရစွဲချက်တင်ရန်၊ သို့တည်းမဟုတ် အရေးပေါ်စီမံမှုယာယီပြဋ္ဌာန်းချက်ဥပဒေပုဒ်မ ၅ (က-င) အရစွဲချက်တင်နိုင်ပါကြောင်း ။

အရေးကြီးသည့်သက်သေများဖြစ်သူ ဦးသွန်းမောင်၊ ဦးအောင်သိန်း၊ ဦးထိန်ဝင်း၊ မိုဟာမက်ဟာရှင်နှင့် ဦးထွန်းရွှေတို့၏ထွက်ဆိုချက်များအရ၊ လုသေလုဖြစ်စာအုပ်သည် ဘာသာတိုင်းကို စော်ကားထားသည်ကိုတွေ့ရှိရပါကြောင်း။

ထို့ကြောင့် တရားခံများအပေါ် စွဲချက်တင်နိုင်ပါကြောင်းဖြင့် လျှောက်လဲချက်ပေးသွားကြောင်း ။

၎င်းနောက်-တရားခံများဘက်မှ လိုက်ပါဆောင်ရွက်သူ ရှေ့နေကြီးဦးလှကျော်က အသျှင်ဥက္ကဌမှာ ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ ဋီကာ လက်သန်းပါမကျန် ထုံးလို့ချေ ပေလို့ရအောင်နိုင်



သူတဦးဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံကို တဖက်ကမ်းခတ်တတ်မြောက်ကျွမ်းကျင်ပါကြောင်း၊ ကျမ်းပေါင်းများစွာကိုပြုစုခဲ့သူဖြစ်ပါကြောင်း၊ "လုသေလုဖြစ်" ကျမ်းကို ကျမ်းစာအစောင်စောင်များမှ ရှာဖွေစုဆောင်းပြီးမှ ဘုရားအလိုတော်နှင့်အညီ ပြုစုရေးသားထားခြင်းဖြစ်ပါကြောင်း ။

လုသေလုဖြစ်ကျမ်းကို "ဥပါဒါန ဒီပနီ" ဟုလည်းပင်ခေါ်သင့်ပါကြောင်း ။

"လုသေလုဖြစ်" ကျမ်းမှာ မယ်ဘွဲ့ မောင်ဘွဲ့ ရေးသားထားသောကာလပေါ် ဝတ္ထုမျိုးမဟုတ်ပါကြောင်း၊ အလွန်နက်နဲသိမ်မွေ့သော စကားလုံးများဖြင့် တန်ဆာဆင်လျက် ရေးသားခြင်းဖြစ်ပါကြောင်း ။

"လုသေလုဖြစ်" ကျမ်းကို သာမန်ဖတ်ရုံမျှဖြင့် အဓိပ္ပါယ်ပေါက်နိုင်ပါကြောင်း ။

ဘာသာဝင်များကို နစ်နာစေလိုသော စေတနာ လုံးဝမပါရှိပါကြောင်း ။

လုသေလုဖြစ်ကျမ်းမှာ ရွှေချထားသင့်သောကျမ်းမင်ဖြစ်ပါကြောင်း ။

မြန်မာနိုင်ငံတွင်ယခင်က မပေါ်ဘူးခဲ့သောကျမ်းစာအုပ်ဖြစ်၍ ပေါ့ပေါ့ဆဆဖတ်ရုံမျှဖြင့်သဘောမပေါက်နိုင်ပါကြောင်း၊ ထို့ကြောင့် အပြစ်မရှိ၍ စွဲချက်မတင်သင့်ပါကြောင်း။ သက်သေများကလည်း- မကောင်းသောစေတနာဖြင့်ရေးသားသည်ဟူ၍ ထွက်ဆိုခြင်းများမရှိပါကြောင်း ။

အရေးပေါ်စီမံမှုအက်ဥပဒေကို ၁၉၅၉ ခုနှစ် ဒီဇင်ဘာ ၃၁-ရက်နေ့က ရုပ်သိမ်းပြီးဖြစ်၍ ထိုဥပဒေပုဒ်မအရ တရားမဆိုလိုက်ပါကြောင်း၊ အခြေခံဥပဒေပုဒ်မ ၂၀ မှာ ပြည်ထောင်စုသားတိုင်း မိမိယုံကြည်သော ဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်၊ ရေးသားခွင့်၊ ဟောပြောခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့် အစရှိသော ခွင့်အရေးများပေးထား၍၊ စွဲချက်တင်နိုင်ခွင့်လုံးဝမရှိပါကြောင်း ။

ဆရာတော်သည် လွတ်လွတ်လပ်လပ် ရေးသားခွင့်ရှိပါကြောင်း ဖြင့်လည်း ရှောက်လဲချက်ပေးသွားကြောင်း ။

× × × ×

## " ဦးဥတ္တမ - လူဝတ်လဲရမည် "

### " မင်းနှင့် သံဃာ တာဝန်ပျက် နေသည် "

အာဏာစက်ဖြင့် သာသနာ စင်ကြယ်ရေး ဆောင်ရွက်ရမည်ဟု ဆရာတော်ညီလာခံမှ ဆုံးဖြတ်ခြင်း။ (ရန်ကုန် ဧပြီ ၂၁၊ ၁၉၆၁ ကြေးမုံ

သာသနာရေးတွင် သာသနာ့ဝန်ထမ်း ဆောင်နေကြသော ရဟန်းသံဃာတော်များ၊ ပြုစုစောင့်ရှောက်ကာကွယ် ပေးရသော အစိုးရ မင်းများနှင့် ပစ္စည်းလေးပါးဖြင့် အနီးကပ်ဆုံး ထောက်ပံ့ကြသော တိုင်းသူပြည်သားများအစ ရှိသည့် ပဓာနအခြေခံသုံးမျိုးအနက် တမျိုးမျိုးက ပျက်လျှင်၊ အခြေအနေ သိမ်းယိုင်ပြီး မထိန်းနိုင်အောင်ဖြစ်ရကြောင်းနှင့် ယနေ့ ကျင်းပသော အောက်ပိုင်းမြန်မာနိုင်ငံတော်၊ ကျောင်းထိုင်ဆရာတော်ကြီးများညီလာခံတွင်၊ သဘာပတိ ဝေဠုဝန်ဆရာတော်က ထုတ်ဖော် မိန့်ကြားတော်မူသည်။ အောက်ပိုင်း မြန်မာနိုင်ငံတော်၊ ကျောင်းထိုင်ဆရာတော်ကြီးများညီလာခံကို၊ ယနေ့ နေ့လည် (၁) နာရီက၊ ရွှေဂုံတိုင် ဘုရားကြီး ကျောင်းတိုက်တွင်ကျင်းပရာ၊ သဘာပတိအဖြစ် ဝေဠုဝန်ဆရာတော်ကြီးက ဆောင်ရွက်လျက်၊ အကျိုးတော်ဆောင်အဖြစ် ဘုံပုံကျောင်း ဆရာတော်က ဆောင်ရွက်သည်။

### " နယ်စုံမှ "

ညီလာခံသို့ ဟင်္သာတ၊ ပုသိမ်၊ မြောင်းမြ၊ ဟံသာဝတီ၊ သာယာဝတီ၊ ပဲခူး၊ မအူပင်၊ သရက်၊ သထုံ၊ ကျိုက္ခမီ၊ အင်းစိန်၊ ကျောက်ဖြူ၊ ရန်ကုန် အစရှိသော ခရိုင်များမှ ကိုယ်စားလှယ် ပေါင်း (၅၆) ပါးကျော်မျှ တက်ရောက်ကြ၏။

သဘာပတိ ဝေဠုဝန်ဆရာတော်က မိန့်ခွန်းမြွက်ကြားရာတွင်၊ သာသနာတော်ကြီး ထွန်းကားရေးအတွက်၊ ပဓာနအခြေခံသုံးရပ်



အနက်မှ ပထမအချက်ဖြစ်သော ရဟန်းသံဃာတော်များနှင့်အစိုးရ မင်းဘက်တွင် နေရာအတော်များများမှာ တာဝန်ပျက်ကွက် နေသည်ကို တွေ့ရ၏။ ရဟန်းသံဃာတော်များသည် ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ဆင်ယင်ကျင်းပ ဆောင်ရွက်ခဲ့သော်လည်း ဒေသနာတော်အရကာယကံ မြောက်လိုက်နာကျင့်ကြံကြသည်မှာ အလွန်ရှားပါးစွာ တွေ့မြင်ရမည်။

အစိုးရပိုင်းနှင့်ပတ်သက်၍လည်း မင်းကိုလုံးလုံးသုံ့ပြီး အပ်နှံကိုးစားထားရမည်ဖြစ်သော်လည်း၊ ရှေးသာသနာပြုမင်းများကဲ့သို့ တည်ဓာ ထအာဏာမျိုးမဟုတ်၊ ခေတ်ကာလအလျောက် ပေါ်ပေါက်လာသော သဘောအမျိုးမျိုး စေတနာအမျိုးမျိုး အယူဝါဒအမျိုးမျိုး ရှိသူများကို အစိုးရအဖွဲ့ဟု ပေါင်းစပ်ထားလျက်၊ ယာယီနှစ်ပိုင်းအတွင်းအစိုးရများဖြစ်၍၊ တယောက်တအာဏာစီဖြစ်နေသည်။

### " ရောင့်တက်သည် "

ဗုဒ္ဓဘာသာတဦးတည်းနေသော နိုင်ငံမဟုတ်၊ အားလုံးကိုကျေနပ်မှုပေးရမည် စသည်ဖြင့် ရေလာမြောင်းပေး ဟစ်ကြွေးသော စကားသံများကိုကြားရသောအခါ၊ အခြားဘာသာဝင်များသည် ပိုမိုရောင့်တက်၍ အစိုးရအဖွဲ့အတွင်းတွင် ငါတို့ဘာသာဝင်ရှိသည်ဟု မှီငြမ်းတခု အားကိုးပြု၍ ပိုမိုရောက်တက်ကြသည်။ စီးပွားရေးနယ်ချဲ့မှုကို ရပ်တန်းကမရပ်ပဲ၊ လူမျိုးရေးနယ်ချဲ့၊ ဘာသာရေးနယ်ချဲ့နှင့် ဗုဒ္ဓဘာသာ သာသနာတော်ကိုပင် ထိုးစစ်ဆင်ရန်စိုင်းပြင်းလျက်ရှိသည်။ ထို့ကြောင့် ဥစ္စာရှင်လို ဥစ္စာရှင်ခဲ့ဆိုသလို သာသနာတော်ကြီး ရေတိမ်ထွင်မနစ်မိကြစေရန်၊ သာသနာတော်ထမ်း ရဟန်းသံဃာများနှင့် ကျောင်းထိုင်ဆရာတော်များ၏ တာဝန်ဖြစ်ကြောင်း မိန့်ကြားသွား၏။

ထို့နောက် လူသေလူဖြစ် ရေးသားသူနှင့်ထုတ်ဝေသူများဖြစ်ကြသော ဦးဥတ္တမ၊ ဦးဝါသဝတို့အား အစိုးရက အရေးယူပြီးလျှင် လူဝတ်လဲပေးရန်၊ ထိုဆရာတော်နှစ်ဦးအား ဝိနည်းဓိုရ်စာရင်းမှ ပယ်ဖျက်ပေးရန် ဆုံးဖြတ်လိုက်သည်။

ထို့နောက် ဗုဒ္ဓဘာသာသင်ခန်းစာကို အစိုးရ ကျောင်းတိုင်း၌၊ အတန်းတင်ဘာသာအဖြစ်ပြန်၍သတ်မှတ်ပေးရန်၊ သာသနာတော် -

သန့်ရှင်းစင်ကြယ်ရေးအတွက်၊ ဆရာတော်များက ဓမ္မစက်ဖြင့် ဆောင်ရွက်ရာ၌ အစိုးရအနေဖြင့် အာဏာစက်ဖြင့် ဆောင်ရွက်ပေးမည် ဟု သောကတိကို အမြန်ဆုံးအကောင်အထည်ဖော်ပေးရန် ဆုံးဖြတ်လိုက်၏ ။

နောက်မြန်မာနိုင်ငံကျောင်းထိုင်ဆရာတော်များအဖွဲ့ကို၊ ဥက္ကဋ္ဌအဖြစ် - သရက်တောကျောင်းတိုက်၊ နှစ်ကျိတ်ရှစ်ဆူဆရာတော်အား လည်းကောင်း၊ အတွင်းရေးမှူးအဖြစ် - ရေကျော်စကြာပုကျောင်းဆရာတော်အား ပါဝင်သောအမှုဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်သည် ။

× × × ×

" ဦးဥက္ကဋ္ဌ လုဝတ်ကိစ္စ လျှောက်ကြားလွှာ " ( ကြေးမုံမှ )

( လျှောက်ထားသူ ဥပသကာ )

မြေ တော်ဦးနိုက် လျှောက်ဝံ့ပါသည် ဆရာတော်အရှင်သုမြတ်တို့ဘုရား။ ဧပြီလ ၂၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်၊ ယခုဧပြီလ ၂၀ ရက်နေ့ - နေ့လည် (၁) နာရီအချိန်၌၊ ရန်ကုန်မြို့၊ ရွှေဂုံတိုင်ဘုရားကြီးကျောင်းတိုက်တွင်၊ ဆရာတော်အဖွဲ့ချုပ်က အစည်းအဝေး တခုကျင်းပတော်မူပြီးလျှင်၊ ဗုဒ္ဓသာသနာတော်ကိုကာကွယ်စောင့်ရှောက်ရေးအတွက်၊ သံဃာတော်များ၊ တိုင်းပြည်အစိုးရနှင့်ဒါယကာ ဒါယိကာမများဖြစ်ကြသော ဗုဒ္ဓဘာသာဝင်တို့သုံးဦးပေါင်း ဆောင်ရွက်ကြမှဖြစ်မည်ဖြစ်ကြောင်း၊ နာယကဆရာတော်ကြီးများက ဩဝါဒစကားမိန့်ကြားတော်မူသည့်အကြောင်းကို ဖတ်ရသည့်အတွက်၊ ဘုရားတပည့်တော်သည် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်ဘုရား ။

တဆက်တည်းမှာပင် " လူသေလူဖြစ် " ကျမ်းကိုပြုစုရေးသားတော်မူသည့် ဆရာတော်အရှင်ဥက္ကဋ္ဌနှင့် ၎င်းကျမ်းကိုတည်းဖြတ်သုတ်သင်တော်မူသော ဆရာတော်အရှင်ဝါသဝတို့ကိုလည်း သံဃာတော်များအဖြစ်နှင့်မထားပဲ၊ လုဝတ်လဲပြစ်ရမည်ဟု ဆိုင်ရာအစိုးရအား၊ ထိုအစည်းအဝေးကြီးမှတိုက်တွန်းကြောင်း ဆုံးဖြတ်တော်မူကြသည့်ဆုံးဖြတ်ချက်ကိုလည်း ဘုရားတပည့်တော် ဖတ်ရှုရပါသည်ဘုရား ။



အမှန်အားဖြင့် ဘုရားတပည့်တော်သည်၊ မိဘဘိုးဘွားအစဉ်အဆက်ကတည်းက ဘာသာရေးကိုအလွန်လေးစားကိုင်းရှိုင်းရှိုသေခဲ့သည့်သူတဦးဖြစ်သည့်အလျောက်၊ အသက် (၂၀) ကျော်လောက်ကစပြီး ဗုဒ္ဓဘာသာကို နှစ်နှစ်ကာကာတက်နိုင်သမျှလိုက်စားလေ့လာခဲ့ရာ၊ ၁၉၃၇ ခုလောက်ကစ၍ ဆရာတော်အရှင်ဥက္ကဋ္ဌသည် ပြည်မြို့နယ်၊ ဝက်ထီးကန်နားတွင်၊ ဗမာပြည်၌တခါမျှမကြုံဘူးမကြားဘူးခဲ့သည့် ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ ဝါဒပြိုင်ပွဲကြီးတွင်၊ ဗုဒ္ဓဘာသာဘက်မှ စစ်ကဲသူရဲကောင်းတဆူအနေဖြင့်တိုက်ခိုက်အောင်မြင်ခဲ့သည့် သတင်းဆောင်းပါးမှအစ၊ တန့်ဆည်မြို့မှ ရှေ့နေဦးအောင်ဘဦး၊ အောင်လံမြို့မှဦးလှိုင်တို့နှင့်တကွ အခြားဗုဒ္ဓဘာသာနှင့်ပတ်သက်၍ မေးမြန်းသူတို့၏ ပြဿနာအရပ်ရပ်ကို ဒိုင်ခံဖြေကြားတော်မူသည့်ဆောင်းပါးများကို၊ တိုးတက်ရေးမဂ္ဂဇင်းတွင် ဖတ်ရှုခဲ့ရပါသည် ။

ထိုမှတဆင့် ယခုစစ်ပြီးခေတ်အတွင်း အရှင်ဥက္ကဋ္ဌ ပြုစုရေးသားတော်မူသည့် ကပ္ပပြဿနာ၊ ဒိုယောဂီ သင်ဘယ်လဲ၊ လမ်း ၂ သွယ်၊ ဗုဒ္ဓအဘိဓမ္မာ စသည့်စာအုပ်များကိုလည်း ရှာဖွေ၍ လေ့လာဖတ်ရှုရဖူးပါသည်ဘုရား ။

ဤဆရာတော်အရှင်ဥက္ကဋ္ဌ ရေးသားပြုစုတော်မူသည့် အထက်ပါ ဆောင်းပါးများနှင့်ကျမ်းစာများကို ဖတ်ရှုမိသည့်အခါတွင်၊ ဆရာတော် အရှင်ဥက္ကဋ္ဌအား ဗုဒ္ဓဘာသာကို တိုးတက်နေသည့် ဝိဇ္ဇာပညာနည်းဖြင့် ဆန်းစစ်ဝေဖန်၍၊ ပင်ကိုယ်ကတည်းကပင် ဝိဇ္ဇာပညာနည်းကျခဲ့သော ဂေါတမဗုဒ္ဓ၏ တရားစစ်တရားမှန်တို့ကို၊ ဝိဇ္ဇာပညာနည်းဖြင့်မည်မျှ ကိုက်ညီလျက်ရှိသည်ကို ဖော်ထုတ်ရေးသားတော်မူသည့် ဆရာတော်တပါးအနေဖြင့် အလွန်ကြည်ညိုခဲ့ပါသည်ဘုရား ။ သို့ရာတွင် ဘုရားတပည့်တော်သည် ဆရာတော်အရှင်ဥက္ကဋ္ဌအား အထက်ပါဗုဒ္ဓဘာသာအတွက်စွမ်းစွမ်းတမန် ဆောင်ရွက်တော်မူခဲ့သည့်အချက်တို့ကြောင့် မည်မျှပင်ကြည်ညိုလေးစားခဲ့စေကာမူ၊ ယခုသုရေးသားပြုစုထားသည့် " လူသေလူဖြစ် ကျမ်းစာက၊ ဗုဒ္ဓဂေါတမ၏ အဘိဓမ္မာအယူအဆတို့ကို တကယ်တန်း ညှိုးနွမ်းပျက်စီးအောင် ဖျက်ဆီးပစ်မည့်ကျမ်းစာအုပ်ဖြစ်မည်ဆိုပါက -

၃၆။
ဗုဒ္ဓ ဂေါတမ၏ သာသနာတော်ဘက်မှ ရပ်တည်ရမည်ဖြစ်ပါသောကြောင့် ဆရာတော်အရှင်ဥက္ကဋ္ဌ၏ "လူသေလျှင်ဖြစ်" ကျမ်းစာနှုတ်သည်၊ ဗုဒ္ဓအလိုတော်နှင့်မည်မျှဆန့်ကျင်သည်၊ ဗုဒ္ဓ ဂေါတမ၏ ဝိဇ္ဇာနည်းကျသည့် အကျင့်တို့ကို မည်မျှဖျက်ဆီးလိုက်ရှိနေသည် ဆိုသည့်အချက်တို့အပေါ်တွင် မှတည်၍၊ ဆရာတော်အရှင်သုမြတ်တို့က ကျယ်ကျယ်ပြန့်ပြန့်အကိုး အကားများဖြင့်သရုပ်သကန်ဖော်ထုတ်၍ ကြေငြာပြီးမှ ဗုဒ္ဓအလိုတော်ကျ အရှင်ဥက္ကဋ္ဌအား အရေးယူပါက ပို၍ပင်သင့်လျော်မှန်မြတ်လိမ့်မည်ဟုထင်ပါကြောင်း လျှောက်ထားဝံ့ပါသည်ဘုရား ။

ဘုရားတပည့်တော်နှင့်တကွ များပြားစွာသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည်၊ ၄င်းကျမ်းစာကို မဖတ်ရှုကြရပါသဖြင့်၊ မည်ကဲ့သို့သော အယူအဆတို့ကို ရေးသားထားသည်ကို မသိကြရ သေးပါဘုရား။ ထို့ဖြင့် လူ့တရားရုံးတော်မှလည်း အဆုံးအဖြတ်မကျ သေးပါဘုရား ။

အကယ်၍ အထက်တွင် လျှောက်ထားသည့်အတိုင်း ဤ "လူသေလျှင်ဖြစ်" ကျမ်းစာမှ အချက်အလက်တို့သည်၊ ဗုဒ္ဓ ဂေါတမ၏ အယူအဆတို့ကိုမည်ရွေ့မည်မျှ ထိခိုက်ဖျက်ဆီးသည်ဟူသော အချက်ကို တကယ်တန်းတိတိကျကျ ဖွင့်ဟကြေငြာခြင်းမပြုပါပဲနှင့်၊ ယခုကဲ့သို့ သောဆုံးဖြတ်ချက်ကို ချမှတ်ခြင်းသည်၊ အရှင်သုမြတ်တို့၏ စေတနာသန့် ရှေ့ ချေကြီးလာ ရောက်မည်ကို မျိုးရိုးမမိပါကြောင်း ဘုရား ။

× × × ×

## ဆရာတော်ကြီးများ ဆုံးဖြတ်ချက်

(ဗိုလ်တထောင်သတင်းစာမှ)

သား (၃) သား ရှောင်ရင် လူ့ဘောင်မှာ အသက်ရှည်နေသတဲ့ ခင်ဗျား -- အဲဒီသား (၃) ယောက်က တော့ ဘယ်သူတွေလဲဆိုတော့ -- ကျောင်းသားရယ်၊ စစ်သားရင်၊ အင်း -- ဘုရားသားတော်ဖြစ်တဲ့ ရဟန်းသံဃာရယ် ပေါ့။

ပထမသားဖြစ်တဲ့ ကျောင်းသားနဲ့ ပတ်သက်ပြီး တော့ မရှောင်ခဲ့ကြလို့၊ ဆိုရှယ်လစ် ဇော်ဘော ဟစ်ကက်ကွဲခဲ့ကြတယ်။ ဆယ်နှစ်ဆယ်မိုး (ဖဆပလ) ကြီး ဒုက္ခရောက်ခဲ့ရတယ်။ အာဏာရှင်ပြီးသီး ဖြေ ပြည်သူ့တံထွေးခွက်မှာ လက်ပြစ်ကူးခဲ့ကြရတယ်။ နောက်ဆုံး အာဏာရှင် ရှင်သန်ဆုံးဖြစ်တဲ့ ဗိုလ်မှူးကြီးဘဦး တောင် ဘဲလ်အဲယား ကျ ပေါ်သွားတဲ့အခါ - တော်က လေး ကသိက ယောက်ဖြစ်သွားကြရတယ် မဟုတ်ပါလား ။

ဒုတိယသားဖြစ်တဲ့စစ်သားကျ တော့လဲ ဒီလိုပဲ ခင်ဗျာ့ - စစ်သားဆိုတာ တိုင်းပြည်အတွက်အသက်ကိုပဓာနမထား ရှေ့တန်းက နေတိုက်ခိုက်နေကြရတယ်။ လူငယ်လူရွယ် တွေဖြစ်တယ်၊ လူစု လူဝေးနဲ့ဖြစ်တယ်၊ လူအုပ် လူထု စုဝေးရာဖြစ်တယ်၊ ညီညွတ်တယ်၊ သွေးစုတယ် ဆိုတဲ့သဘော တွေပေါ် မှာမှုတည်ပြီး စစ်သားဆိုတဲ့လူ တွေနဲ့ကိစ္စ ခုခုဖြစ်ရင်၊ သို့မဟုတ် ပြဿနာတခုခု ပေါ် ရင် အဲဒီတဖက်က လူဘာဘဲ ခါထဲ နောက်ကော် ကျ တော့တာပါပဲ ။

တတိယသားဖြစ်တဲ့ ဘုရားသားတော်များနဲ့ဆိုပြန်ရင်လဲ သာဆိုးသေးတယ်။ ဘုရားသားတော်ရဟန်းတော်များ၊ ဘုရားအရေခြုံထားသူများ၊ သံယောဇဉ်နှောင်ကြိုး စွန့်လွှတ်ထားသူများ၊ သီလ သမာဓိ၊ ကျင့်ဝတ်သိက္ခာနဲ့ ညီညွတ်သူများ၊ လူသားတို့အား တရားဒေသနာပြသ သွန်သင်သူများစသည့် အခြေခံ တွေကို ထောက်ထားပြီး ဒီသားတွေနဲ့ပြဿနာ ပေါ်လာရင်၊ ဆူးပေါ် ဖက်ကျ - ဖက် ပေါက်တယ်၊ ဖက်ပေါ် ဆူးကျလဲ ဖက်ပဲပေါက်တယ် ဆိုတာမျိုးလို၊ ပြဿနာ ပေါ်တဲ့လူမှန်သမျှ ဟွာဟွာကြီး အခြေအနေဆိုးရပြန်တာပါပဲ ။

ဒါကြောင့်ပေါ့ မောင်ဒေါနတို့လို ပြဿနာဟူသမျှနှင့်ရင် မဆိုင်ချင်တဲ့လူ တွေဟာ၊ ဒီလို သားသုံးသားနဲ့ ထိပ်တိုက် တွေ့ဆုံ ကြကြရတဲ့အခါများကို "ဝေရာမဏီ" အဝေးကြီးက သိသိသာသာကြီး ရှောင်ရှားခဲ့ပါတယ်။ အဟုတ်ပါ အဟုတ်ပါ၊ တကယ့်ကို အဟုတ်ပါ။ အဲဒီအထဲမှာ ပိုပြီး တော့ အားကြပ်နံကြပ် တွေရတတ်ပါတယ်။ တတိယသားများဖြစ်တဲ့ ဘုရားသား တော် ရဟန်းသံဃာ တော်များကိစ္စဆိုရင် ပိုပြီး တော့ကို စိုးရိမ်ခြင်းမက စိုးရိမ်ကြီးစွာနဲ့ အဝေးကြီးက ရှောင်ရှားခဲ့ပါတယ်။ -

ဒီလို ရှောင်ရင်းနဲ့ တောင်မှ မရချင်ဘူး ခင်ဗျ။ မကြာခဏဆိုသလိုပဲ ဒီကိစ္စတွေက ထပ်တလဲလဲတိုးတိုးပြီး နေပြန်တော့လဲ မောင်ဒေါနတို့လို နေရာတကာ စပ်စုတတ်တဲ့လူတွေက မနေတတ် မထိုင်တတ်ဖြစ်ပြီး၊ တခါတခါ ပြေးပြေးဝင်တိုးမိတယ်။ တိုးလို့သာ တိုးရပါတယ် စိတ်ထဲက တော့ ခပ်လန့်လန့်ပါပဲ။ ကြောက်လဲ ကြောက်ပါတယ်၊ လန့်လဲလန့်ပါတယ်၊ စိုးလဲ စိုးရိမ်ပါတယ်၊ အဟုတ်ပါပဲ၊ အဲစလို ဖြစ်နေပါရက်နဲ့ တောင်၊ တော အခုအခါ တိုးရပြန်ပြီ ခင်ဗျာ့။ အဲဒါက ဘာလဲဆို တော့ - မနေ့က ကျောင်းထိုင်ဆရာတော်တွေရဲ့ အစည်းအဝေးမှာ ပါတဲ့ဆုံးဖြတ်ချက်ကိစ္စဟာ တရက် အတွက်ပါပဲ၊ မပြောပြန်လဲ တနေ့ဒုက္ခ ခင်ဗျ၊ မပြောရင်တနေ့ ရာဇဝင်က နှောင်ကြိုးအတဲခံရဦးမယ်။ ပြောပြန်တော့လဲ အခုနက ဆိုခဲ့တဲ့ အန္တရာယ်တွေ၊ အကြောက်တရားတွေက လွှမ်းနေပြန်တယ်။ ဒါပေမဲ့ ဒီကြောက်တဲ့အန္တရာယ်တွေထက် ရာဇဝင်မှာ နှောင်ကြိုးအတဲခံရမဲ့ ဟာကို ပိုပြီး ကြောက်လို့မို့၊ ဒီကိစ္စကို တော့ မောင်ဒေါနအနေနဲ့ နဲနဲ ထောက်ပြောကြည့်ခြင်တယ်။ အဲဒီ ကျောင်းထိုင်ဆရာတော်ကြီးများရဲ့ ဆုံးဖြတ်ချက်ချတော်မူတဲ့အထဲမှာ မောင်ဒေါန အချက်တချက် တွေ့လိုက်တယ်။ ဘာလဲဆို တော့ " လုသေလုဖြစ် " ကျမ်းကိုပြုစု ရေးသားတဲ့ ကျမ်းပြုပုဂ္ဂိုလ် တောင်တွင်းကြီးဆရာ တော်အသျှင်ဥက္ကဋ္ဌ ကို တရားရုံး တော်မှအပြစ်ဒဏ် ပေးပြီးတဲ့နောက် သင်္ကန်းဝတ်မှချွတ်ကာ လူဝတ်လဲ စေ့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ပါပဲ ။ ဒီ နေရာမှာ " လု သေလုဖြစ် " ကျမ်းနဲ့ပတ်သက်ပြီး တရားရုံး တော် ရှေ့ ရောက် နေတဲ့ကိစ္စတရပ်ဖြစ်လို့ မောင်ဒေါနအနေနဲ့ ဘာတခုမှမ ပြောလိုပါဘူး။ တရားရုံး ရောက် နေတဲ့ကိစ္စဆိုတာ အပြင်အပက နေပြီး သွယ်ဝိုက်တဲ့အနေနဲ့ သော်လည်းကောင်း၊ ဆန့်ကျင်ခြင်း ကန့်ကွက်ခြင်း၊ ဘေးတီး ပေးခြင်းဆိုတဲ့အမှုကိစ္စ တွေကို ရှောင်ကြဉ်ရမယ်လို့ ဆိုတယ်။ ဒါမှလဲ တရားဥပဒေကို ရိုသေ လေးစား စောင့်ထိန်းရာ ကျမယ်။ အခု မောင်ဒေါန ပြောလိုတာက တော့၊ လူဝတ်အဖြစ်လဲရမယ်ဆိုတဲ့ ကိစ္စတရပ်ကိုပါပဲ၊ ဘာပြုလို့လဲဆို တော့ ဘုရားသား တော် တွေနဲ့ တရား လမ်းကြောင်းအရ ဆင်ခြင်သုံးသပ်လိုတာက တော့၊ ဘုရားသား တော် အချင်းချင်း သူ့အသုံးအဆ၊ ကိုယ့်အသုံးအဆ၊ သူ့ဂိုဏ်း ကိုယ့်ဂိုဏ်း၊ သူ့အလို- ကိုယ့်အလို ဟိုတာဟာ အခုမှ မဟုတ်ပါဘူး၊ ဘုရားရှင်ပရိနိဗ္ဗာန်စံလွန်



တော်မူပြီးစအချိန်ကစပြီး ယနေ့အထိပါပဲ။ သံဃာအချင်းချင်း၊ ဗုဒ္ဓဘာသာအချင်းချင်း မရေမတွက်နိုင် လောက်အောင်ဂိုဏ်း တွေ၊ ဂဏ တွေ၊ အသုံးအဆ တွေကွဲခဲ့ကြတယ်မဟုတ်လား။ မောင် ဒေါနသိရသလောက် တော့ အခုလိုဘုရားသား တော် ဘုရားအရေ တော်ဝတ်၊ ဘဝတုသံဃာတပါး ကို သင်္ကန်းဝတ်က ချွတ်ချွတ်ပြီး လူဝတ်လဲပြစ်ရမယ်ဆိုဘာက၊ လူသတ်မှု ကျူးလွန်ခြင်း၊ ရွှေစင်တခက် ငွေငါးကျပ်ခိုးယူခြင်း၊ မေထုန်မှီဝဲ ကျူးလွန် မှောက်မှားခြင်း၊ မိမိကိုယ်ကို ရဟန္တာဟု သတ်မှတ် ပြောဆိုခြင်း၊ ဆိုတဲ့ ပါရာဇိက (၄) ပါးနဲ့ ခွန်းသို့မှသာဖြစ်တယ်လို့ နားလည်မိပါတယ်။

အခုကိစ္စမှာ - ဆရာ တော်အသျှင်ဥက္ကဋ္ဌဟာ၊ သူရဲ့ ဗုဒ္ဓအယူဝါဒ ဗုဒ္ဓဘာသာ ပေါ်မှာထင်မြင်ယူဆချက်ကို သူ့ဒေါင့် သူ့အပြင်က နေပြီး တင်ပြတဲ့ကိစ္စသာလျှင်ဖြစ်ပါတယ်၊ ခြောက်လှန့်ပြီး တကားကားနဲ့ လူသတ် သမားလုပ် နေတာလဲမဟုတ်၊ ရွှေငွေပစ္စည်းကို မတရား သောနည်းနဲ့ ရှာဖွေစု ဆောင်း နေတာလဲမဟုတ်၊ မာတုကာမ တဒုံးရုံးနဲ့ တိုင်းပြည် ကျော် ပြည် ကျော်၊ တိုင်းသိ ပြည်သိဖြစ် နေတာလဲမဟုတ်၊ ကိုယ့်ကိုယ်ကိုလဲ ပညာရှိတဆူ ရဟန္တာပါပဲလို့ ကြွေးကြော်တင်ပွန်းတပ် နေတာလဲမဟုတ် တော့၊ သိပ်မ တော်လှဘူးလို့ထင်ပါတယ် ။ ဘုရားသား တော်ရင့်မကြီးတွေ ပဲ၊ ဒီပြဿနာကို ပြန်လည်သုံးသပ် စေချင်ပါတယ် ။

(ဗိုလ်တထောင်သတင်းစာမှ)

× × × ×

## ဗုဒ္ဓဘာသာ တွေကို ပန်ကြားပါရစေ

နိုင်ငံတော်ဘာသာပြဋ္ဌာန်းသည်ဆိုခြင်းမှာ သက်သက်လုလယ်လုပ်ခြင်းသာဖြစ်သည်။ သံဃာဒုကို လူဝတ်ကြောင်တွေက လိမ်သည်ဟု ဘုန်းပ်တို့ကဆို၏။ သံဃာဒုက လိမ်သည်ဟု မထင်ဘူးဟု ဆိုကြပါစို့။ လိမ်သည်ကို ယုံကြည်သည်ဖြစ် စေ၊ မယုံကြည်သည်ဖြစ် စေ၊ ခံရ တော့မည်။ ဘယ်သူ တွေ ခံရသလဲဟု မေးခွန်းကို ယခု ရေး နေရ၏။ ဗုဒ္ဓသာသနာရှိလို့၍ - ဘုန်းပ်တို့က ရေး နေ၏။ ကွန်မြူနစ် ခေါက် ခေါက်အလိုကား၊ ဘာသာရေး ကို (သူ့ဖာသာသူထွက်ထားပါ) အလိုလို သေလိမ့်မည်ဟုဆို၏။ ကွန်မြူနစ် -

စစ်က ဤစကားကိုဝှက်၍မထားချေ။ ပုံနှိပ်၍ဝေ၏။ ကျွန်ုပ်တို့က မုကား ဗုဒ္ဓဘာသာစစ် တည်တန့်စေလို၍ ရေးနေကြရပါ၏။

သံဃာ ပေါင်း တစ်သောင်းလျှင် တပါး သောပုဂ္ဂိုလ်က အနာခံ သေးသရွေ့၊ သာသနာတည်နိုင်၏။ ဗုဒ္ဓဝိနည်းအဆုံးအဖြတ်များသည် တရားလွှတ်တော် ချုပ်၏အဆုံးအဖြတ်ထက်သာပါ၏။ ဝမ်းနည်းစရာကောင်း ပုံကို သမုပၸ်ပြပါရစေ။ သံဃာ တော်က အချုံးသပ်နည်းမှာ ဝိနည်းသံ တသံမျှ မပါပဲ၊ လမ်းမပေါ်ကလူတ သောက်ထက်မသာ ဒါကို သနု ရေး ပါရစေ။ စကားနိုင်လုပုံကို ကျမ်းကြီးကျမ်း ခိုင်တခုဟု အောက်မေ့နေတော်မူကြ လေသလော မသိချေ။ တရုတ်နိုင်က မြန်မာထက်သည်ဟုဆိုလျှင် တရုတ်နိုင်၏တပည့်လား၊ အမေရိကန်က စစ်မှုသာသည်ဆိုလျှင် အမေရိကန်၏ လူလားဟု၍ မေးတတ်ကြ၏။ ဘုန်းကြီးထဲက စာတတ်၍ စာအုပ်ရေး လျှင် သူက ကွန်မြူနစ်ဘုန်းကြီးလား မေးရာ၊ သိမ်ကြီး ရေးတွင် ပြောင်း ဖုးရောင်း သော ကောင်မ လေး၏အ ထွေးအ ခေါ် ထောက်သာ ရှိကြ တော့၏။ သံဃာ ပေါင်း ၁၀၀၀ လျှင် တပါးကမပါချင်နေပါစေ၊ ၉၉၉ ပါး ငြိုဘက်ပါလျှင် ငါအာဏာမြဲမည်ဟုယူဆခြင်းသည် လက်တွေ့မှာမှန်၏။ သို့ သော် လု-လုလယ်လုပ်သ ထောက် လုများစု ခံရသည်ကို မှတ်တမ်းက လေး တခု တော့တင်ပါစေဟု ကျွန်ုပ်တို့ကဆိုပါရစေ။ ဘိန်းတကော့ဘိန်း ဘယ် ဘိန်းသာ၍အဆိုးလုံးလည်းဟု မေးလျှင်၊ ပကာသနဘိန်းက အဆိုးဆုံး ဟု ရေးပါရစေ။ လုဝတ်ကျောင်းက သံဃာဒုကို ပကာသနနှင့်ကိုင်၍ပေါက် ရာ ခံ့စရာရှိ တော့ လုဝတ်ကျောင်းကမခံရပါဘူး၊ ဘုန်းကြီး တွေ ဘုန်း ကံ လဲသည်အထိခံရ၏။ မြန်မာတို့၏အသက်အအုံသည် မှန်ကန်မှုကိုအ သေ အလဲ ကျောက်ကြ၏။ မှတ်တမ်း လေးတခုမ ရေးရဲခဲ့ချေ။ မြဝတီ ဆရာ တော် ခေတ်က၊ နိုင်ငံ တော်ဘာသာမရှိခဲ့ပါ။ နိုင်ငံ တော်ဘာသာမဟုတ် ပါပဲလျက်နှင့်ပင် မန္တလေးမြို့ ဘုရားထွင် သကျသီဟဘုရားဝင်းအတွင်း နျ ထွတ်လှစွာ သောအပို့ ပေါင်းခြံလျက်၊ သာယာနာ ပျော်ဖွယ်ကောင်း၍ သောပကာသနအသံ တွေကိုရွတ်ဆိုခဲ့ကြ၏။ ပကာသနနှိပ်စက်၍ မြဝတီဆ ရာ တော်နှင့်သိလရှင်တို့၏ဘဝဇာတ်ခုံသတင်းသည်၊ မြန်မာ့အလင်းနှင့် သုရိယသတင်းစာတွင်ဓာတ်ပုံနှင့်တကွပါခဲ့ရ၏။ အကျယ်ချဲ့၍မ ရေးရက် ပါပေ။ မဟုတ်ဖုးလား ငြင်းကြစမ်းပါ။ နိုင်ငံ တော်ဘာသာဆို သော -



ကားလုံးကို နားမှ လေစမကြားရမီ၊ သဲ တောမြို့နှင့်ဝမ်းတွင်းမြို့ တို့ ၌င် အင်းမကြီးဆရာ ဝေယံတန် ခိုးကြီး ခဲ့ဖူးသည်ကို မှတ်မိကြ သေး၏ လော။

လုထုထံမှလာဘ်ဧဒးထား သော ငွေ တွေနှင့်ကမ္ဘာ ဌာန်းထိုင်လိုက် ရာ နောက်ဆုံးဘာဖြစ်သလဲ၊ သဲ တောမြို့သား တွေကိုယ နေ့ မေးကြည့် င်ကြ၏။ ကျွန်ုပ်တို့မ ရေးရက်ပါ။ ဘုရား၏တရား တော်သည် ဥပါ ဒါန်ကိုပယ်ခဲ့၏။ မြတ်စွာဘုရားကပယ်ခဲ့ပါလျက်၊ ဥပါဒါန်ကို ဤခေတ် ၊ ကျားငစဉ်းလဲထက်ဆိုး သောနိုင်ငံ ရေးသမားတစုက သံဃာဒု ကို မ်နေရာတွင်ခံ့စရာရှိ တော့ သံဃာဒု (ဝါ) သံဃာများကခံရမည်ဟု တတ် ရေးရဲပါ၏။ မည်သူ၏ ချီးကျူးခြင်းကိုမျှ မလိုလား သော လယ်တီ ရာ တော်၏ ခေတ်၌ လယ်တီဆရာ တော်ကိုဝိုင်း၍နှိမ်ခဲ့၏။ နွားသား စားရန် ဟော ရာ ပုဇွန်ဆိပ် တော့စား စေလားဟု ဝိုင်း၍အုပ်ကြ၏။ ရာ တော်၏သိလအင်အားသည် ကမ္ဘာသို့တိုင်ပြန့်နှံ့သွားသည်။ ဆရာ တော် မျက်စိကွယ်ရာဝယ်၊ ဘုရားဂိုဏ်းသင့်၍ဖြစ်ရသည်ဟု ဥပါဒါန်သမား တွေကဆိုကြ၏။ တိုင်းပြည်အကျိုး၊ သာသနာအကျိုးကလွဲ၍ဘာများရှိ သေး လဲ၊ သေချင်းရှင်ချင်းသည် ဆန်းစလား၊ လယ်တယ်တီဆရာ တော်၏ ပည့် တွေအ ခြောင်လိုက်ကြခြင်းကား တခြားပင်ဖြစ်၏။ ခံရခြင်း ည် အဆန်းမဟုတ်ပါ။ ဗုဒ္ဓဘာသာထက် ကောင်း သောဘာသာရှိလျှင် သိ ပါရ စေဟု ရေး၍၊ ဆရာ တော်ဦးဆာဒိစ္စဝံသအား ပကာသနီယကံ အ မျှခံခဲ့ရ၏။ မြှုပ်နှံထား သောစီးပွား ရေး အကျိုးတုသု တွေ၏ သပိတ် မှောက်ခြင်းကိုခံ ခဲ့ရ၏။ သက်နီး ချွတ်၍ တပည့် တွေကိုစာ ချသွား၏။ ခံရခြင်း၏အကျိုးကို ရိပ်စားမိကြပါသလား၊ ဦးဥတ္တမသည် မြန်မာ တွေ၏ မျက်စိကိုဖွင့် ပေးပြီးလျှင်၊ နောက်ဆုံး၌လု တွေကညံ့၍အကြည်ညို ရှိသည်မှာ. မဆန်းပါ။ အသျှင်ဥတ္တမသည် ယနေ့တရားစွဲခံ နေရ၏ န်သည် မှားသည်မ ရေးသင့် ချေ။ ခံရဲ သောပုဂ္ဂိုလ်ရှိပါသေး၏။

လုဝတ်ကျောင်းက သံဃာဒုကိုလိမ် နေသည်ကို ခံနေကြရမည် လော။ အကယ်၍ သာသနာကိုချစ်လျှင်၊ ပြင်ဆင်နိုင် သော အလုပ် တွေ ဒုနဲ့ ဒေးရှိပါလျက်၊ ရှော မွေးကလေးကို စတီမှုရှင်ပြု

ပါရစေဟု ဆိုခြင်းသည် ခံစရာ ရှိက သံဃာဒုခံရမည်တို့ လက်ငင်း သာ ဓကများဖြင့် ဆက်လက် ရေးသားပါရစေ ။

(ထွန်း ဇေ့စဉ် ခေါင်းကြီးပိုင်းမှ)

× × × ×



ဗုဒ္ဓ၏ တပည့် တော်များ သာဝက သံဃာ့အဖွဲ့ဝင်
တောင်တွင်းဆရာ တော် အသျှင်ဥက္ကဋ္ဌ၏
ညာတတ္တ စရိယာ – အမျိုးသား ရေး
လောကတ္ထ စရိယာ – ကမ္ဘာ့လူသား များအရေး ဆောင်ရွက်မှု
(ထောင် ကျ မှတ် တမ်း)

(၁၅-၉-၆၅)

- စကား ပြောရင်း ပြောရင်းနဲ့ သူ၏ဇာတိရုပ် ပေါ်၍ ပေါ်၍ လာ လေသည် ။
- သူကား အင်္ဂလိပ်လူမျိုးအစိုးရများ မြန်မာနိုင်ငံကိုအုပ်စိုးကြ၊ ချယ်လှယ်ကြစဉ် ခေတ်က လုလား မြောက်ခဲ့ သော ဖြူငိုကရက်အရာ ရှိတဦးဖြစ်သည် ။
- ဖုန်းကြီး များ အင်္ဂလိပ် စာတတ်တယ်ဆိုတဲ့စကားကို ပုက်လုံးဟုမှတ်ယူကြ သော ခေတ်ဖြစ်သည်။ ယင်းနှင့်တဆက်တည်း အင်္ဂလိပ်စာ တတ် ဖုန်းကြီးဆိုရင် – တောက်တီး တောက်တဲ့ တောထွက်ကိုယ် တော်ပါဟု မှတ်ချက်ချ လေ့ရှိ သော ခေတ်ဖြစ်၍၊ ထိုသို့ သော ခေတ်ဖြစ်သည့် အား လျော်စွာ သူသည် အောက်ပါအတိုင်း ကျနုပ်အား မေးခွန်း ထုတ် လေ တော့သည် ။

သန်း – အရှင်ဘုရား အင်္ဂလိပ်စာအ တော်များများသင်ဖူးပါသလား ?

ကျနုပ် – နဲ့နဲ့ ပါးပါး သင်ဖူးပါတယ် ။

သန်း – အင်္ဂလိပ်စာ ဘယ်နှစ်တန်း အောင်ဖူးပါသလဲ ?

ကျနုပ် – အနိမ့်ဆုံး မူလတန်း တောင်မှ မအောင်ဖူးပါ။

သန်း – ဒါဖြင့် အရှင်ဘုရားဟာ အလွတ်ပညာသင် ပြီးတော့ ခဲ့တာ ပေါ့ ။

ကျနုပ် – မှန်ပါတယ် ။

သန်း – ဘယ်အရပ်မှာ အင်္ဂလိပ်စာသင်ခဲ့ပါသလဲ ဘုရား –

ကျွန်ုပ် – အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့နှင့်လက္ခနောင်းမြို့များမှာ (၆) နှစ်ကြာ မျှအလွတ်ဆရာ ငှားပြီး သင်ယူခဲ့ပါတယ်။

သန်း – ဒါဖြင့် အရှင်ဘုရား ဟိန္ဒီ၊ အူရဒူ၊ ဘာသာများလဲတတ်မှာ ပေါ့ –

ကျွန်ုပ် – အဲဒါဒင်မကပါဖူး၊ ပါဠိနဲ့သက္ကတပါ တတ်မြောက်အောင်သင် ယူခဲ့ပါတယ်။

သန်း – ဘာသာ ရေးဆိုင်ရာ စာပေများကို ကော လေ့လာ ခဲ့ပါသေးသလား ဘုရား –

ကျွန်ုပ် – ဘာသာခြားစာ ပေကို လေ့လာသင်ကြားရာမှာ ဦးပဉ္ဇင်းရဲ့အဓိက ရည်မှန်းချက်ဟာ –အဲဒီခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစတဲ့အယူ ဝါဒအမျိုးမျိုး တွေကိုအရင်းကျကျ သုတေသနလုပ်ဖို့ပဲဖြစ်ပါတယ်။

သန်း – ဘယ်ကျမ်းစာ တွေကို လေ့လာ ခဲ့ပါသလဲ ဘုရား ?

ကျွန်ုပ် – ခရစ်ယာန်ဘာသာဆိုင်ရာမှာ – ဓမ္မဟောင်း၊ ဓမ္မသစ်နှစ်ခုမှာ ပါဝင်တဲ့သမ္မာကျမ်း ( HOLY BIBIE. ) အစ္စလာမ်ဘာသာဆိုင် ရာမှာ – ကိုရအန်ကျမ်း ( HOLY AUORAM) ဟိန္ဒူဘာသာဆိုင်ရာ မှာ – ရာမာယဏနှင့်မဟာဘာရတကျမ်းကြီးများနှင့်တကွ ဝေဒ ဆိုင်ရာ ဥပနိသာဒကျမ်းများကို အဓိကထားပြီး သင်ကြား လေ့ လာခဲ့ပါတယ်။

သန်း – အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ပြန် ရောက်ပြီး နောက်၊ ဘာ များ လုပ်ကိုင် ဆောင်ရွက်ပါသလဲ ?

ကျွန်ုပ် – မြန်မာနိုင်ငံပြန် ရောက်ပြီး နောက် ၁၉၃၂ ခုနှစ်မှာ – တောင်တွင်းကြီးမြို့ အထွင်း၌၊ ဗုဒ္ဓသာသနာပြုအမျိုးသားကျောင်း ကြီးကိုတည် ထောင်၍၊ ခေတ်ပညာ (ဝါ) " အင်္ဂလိပ်စာကိုထန်းတုံး ပေါ်ရောက်ရမည် " ဆိုတဲ့ ကြွေးကြော်သံဖြင့်၊ ဆင်းရဲ ချမ်းသာ မရွေး ကလေးသူငယ်များအား ခေတ်ပညာကို အခမဲ့သင်ပေး ခဲ့ပါတယ်။

သန်း – ဘယ်နှစ်တန်း ရောက် အောင် သင် ပေးပါသလဲ ?



ကျွန်ုပ် – ၁၀ – တန်း ရောက် အောင် ပေါ့။

သန်း – အစိုးရက အသိအမှတ်ပြုပါသလား ?

ကျွန်ုပ် – ပထမ တော့အမျိုးသားအလယ်တန်း ကျောင်းအဖြစ်ဖြင့် ဝီအင်န် အီး ခေါ်အမျိုးသားပညာ ရေး ကောင်စီကအသိအမှတ်ပြုခဲ့ ပါ တယ်၊ ဒုတိယ တော့ အင်္ဂလိပ်မြန်မာနှစ်ဘာသာသင်အမျိုးသား အထက်တန်း ကျောင်းအဖြစ်ဖြင့် အစိုးရအသိအမှတ်ပြုခဲ့ပါတယ်။

သန်း – အရှင်ဘုရားကိုယ်တိုင်ပဲ အုပ်ချုပ်သင်ကြား ပေးခဲ့ပါသလား ဘုရား ?

ကျွန်ုပ် – ဟုတ်ပါတယ် – ဦးပဉ္ဇင်းကိုယ်တိုင် ဆယ်နှစ်ဆယ်မိုး ကျောင်း အုပ်ဆရာကြီးလုပ်ခဲ့ပါတယ်။ ထို့ပြင်ပညာအရည်ပြည့်မီ သော ရဟန်းတော် လေး ငါးပါးတို့ကလဲ သူတို့နိုင်နိုင်နင်းနင်းတတ် ကျွမ်းရာမြန်မာစာ၊ ရာဇဝင်၊ ပထဝီ၊ သင်္ချာစတဲ့ ဘာသာ ရပ်များကို စေတနာ့ဝန်ထမ်းပဲ ပြသသင်ကြားခဲ့ပါတယ်။ ပြီး တော့ကာ မျိုးချစ်စိတ်ထက်သန်တဲ့ မက်ထရိတ်အောင်ပြီး နှင့် – ဒီဂရီ ရပြီးလူငယ်အချို့ကလဲ သူတို့အားလပ်တဲ့အချိန်များမှာလာ ရောက်ပြီး ဝိုင်းဝန်းကူညီပြသခဲ့ကြပါတယ်။ နောက်ဆုံးတွင် – ၁၉၄၂ ခုနှစ် ဂျပန်စစ်ဦး ရောက်လာတဲ့အခါမှာအဲဒီဗုဒ္ဓ သာသနာပြု အမျိုးသားအထက်တန်း ကျောင်းကြီးကို ဝမ်းနည်း စွာဖြင့် ပိတ်ခဲ့ရပါတယ်။

သန်း – စစ်ပြီး ခေတ် ရောက် တော့ ကော ဘုရား ?

ကျွန်ုပ် – အင်္ဂလိပ် + ဂျပန် အသွားအပြန် ခလုပ်တိုက်သွားရာဖြစ်တဲ့ – တောင်တွင်းကြီးဟာ ဗုံးအတန်တန်ကြဲချခဲ့လို့ မီးဟုန်းဟုန်း တောက်လောင်ခဲ့သော်လဲ၊ ဦးပဉ္ဇင်းတို့ရဲ့နေရှင်နယ်အထက် တန်းကျောင်းအဆောက်အဦကြီးဟာ ဘေးမသီရန်မခပဲ ကီးထီး ကြီး ကျန်ရစ်ခဲ့ပါတယ်။ ဒါပေမယ့်လို့ တောင်တွင်းကြီးမြို့၊ ကြက် သဲရဝ်နေ အမျိုးသမီးကြီး ဒေါ်တင်ရွှေက – ဂျပန်လက်ထက် + ဒုတိယနှစ်မှာ ဝယ်ယူအပ်နှင်းတဲ့ နတ်မှီတောရကျောင်းမှာပဲ –

ဆက်လက် နေထိုင်ရန်ဆုံးဖြတ်ပြီးဖြစ်တဲ့အတွက်၊ မြို့တွင်ရှိ နေရှင်နယ်အထက်တန်းကျောင်းကို တပည့်ကြီးတယောက်အားလွှဲအပ်ပြီး ယနေ့တိုင် အရည ၀ါသီ - တောမှီအဖြစ်ဖြင့် နေထိုင် ခဲ့ပါတယ် ။

သန်း - နတ်မှီတောရဆိုတဲ့ပညာတိုက်တွင်၊ ပေလေးပင် တပ်ဆင်လိုက်တာက - ဘယ်သဘောပါလဲ ဘုရား ?

ကျွန်ုပ် - " ပေလေးပင် ရှင်လေးပါး " တရင်း၀င်ဖြစ်တဲ့ ရှင်မဟာသီလ၀ံသ၊ ရှင်ဥတ္တမကျော်၊ ရှင်အုံးညို၊ ရှင်ခေမာ ဆိုတဲ့ တောင်တွင်း ပုဂ္ဂိုလ်ကျော် လေးပါးတို့ဟာ အဲဒီ နတ်မှီတောရကျောင်းမှာ ကကြီး ခခွေး စာရေး တဖတ် ၀တ်သင်ယူခဲ့ကြပါတယ်။ ပြီးတော့လဲ " ဗောမင်္ဂိုင် ခမ်း၀ါပိုင် " အစရှိသော ရှင်မဟာသီလ၀ံသရဲ့ ပါရမီတော်ခမ်းဖို့ရဲ့ ရွှေချက် သိုရာလဲဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့် နတ်မှီတောရကျောင်းမှာ ပေလေးပင်ဆိုတဲ့ဂုဏ်ပုဒ်ကို ဆောင်းပေးကြတာနဲ့တူပါတယ်။

သန်း - အရှင်ဘုရားရဲ့ လူသေလူဖြစ်ကျမ်းနောက်ကျောအဖုံးမှာ ၄င်းကျမ်းပြီးကို၊ <u>အင်္ဂလိပ်ဘာသာသို့မကြာမီပြန်မည်ဟု တွေ့ရပါတယ်။ အဲဒီအတိုင်း ဘာသာပြန်ဆိုဖို့ပြင်ဆင်ပြီးပါပြီလား ?</u>

ကျွန်ုပ် - တခန်း နှစ်ခန်း ဘာသာပြန်လို့ တောင် ပြီး နေပါပြီ။

သန်း - တပည့်တော်ဖြင့် လူသေလူဖြစ် ဆိုတဲ့နာမည်ကိုပဲ အင်္ဂလိပ်ဘာသာသို့ ကောင်းမောအောင် ပြန်လို့မရ သေးပဲဖြစ် နေပါတယ်။ အရှင်ဘုရား တော့ ဘယ်လိုပြန်ဆိုပါသလဲ ဘုရား ?

ကျွန်ုပ် - မင်းတူ မင်း ( MAN TO MAN ) ပေါ့ တကာကြီးရဲ့

သန်း - လူသေလူဖြစ် ကျမ်းစာကို ရေးသားထုတ်ဝေရာ၌ အရှင်ဘုရားမှာ ထူးခြားတဲ့ ရည်မှန်းချက်များရှိပါသေးသလား ?

ကျွန်ုပ် - ရှိဒါပေါ့ တကာကြီး၊ ရည်ရွယ်ချက်မှ <u>ငရာမရည်ရွယ်ချက်ပြီးပေါ့</u> ။



သန်း - အမိန့်ရှိပါဘုရား ။

ကျွန်ုပ် - <u>ကွယ်လွန်သူအမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ - ဗမာ့တော်လှန်ရေးတပ်မတော်ကြီးကိုတည်ထောင်ဖွဲ့စည်းခဲ့တယ် မဟုတ်လား ?</u>

သန်း - မှန်ပါတယ်ဘုရား ။

ကျွန်ုပ် - အဲဒီတပ်မတော်အတွက်၊ တိကျပြန်သားတဲ့ အဘိဓမ္မာ ကျောထောက်နောက်ခံရှိတဲ့ ( SLOGAN ) ဆလိုဂန် (၀ါ) " ကြွေးကြော်သံ " တခုလိုနေတာကို တွေ့ရတယ်။ အဲဒါကြောင့် " လူသေ လူဖြစ် " အဘိဓမ္မာ ကျောထောက်နောက်ခံရှိတဲ့ " လူသေလူဖြစ် - လူဖြစ်လူသေ " တိုးလိုက်ဟေ့ - တက်လိုက်ဟေ့ " ဆိုတဲ့ ဆလိုဂန်ကို ဖော်ထုတ်လိုက်ခြင်းဖြစ်ပါတယ် ။

သန်း - ဆက်ပြီး ရှင်းတော်မူပါဦးဘုရား ။

ကျွန်ုပ် - သေဘေးဟာ ပြေးမလွတ်တဲ့ ဘေးကြီးဖြစ်တယ်။ ဒါပေမဲ့ - ၄င်းဟာ လူသားတွေအကြောက်ဆုံး ဘေးကြီးပဲ မဟုတ်လား ။

သန်း - ဟုတ်ပါတယ်ဘုရား ။

ကျွန်ုပ် - ဒီတော့ရင် - <u>သေမဲ့ဘေးကို ပြေးတွေ့ရန် ထက်သန်နေတဲ့ တပ်မတော်သားရဲ့ သဘာ၀ကြောက်စိတ်ကို တိကျတဲ့အဘိဓမ္မာ တရပ်ဖြင့်ဖျောက်ဖျက်ပေးဖို့ မလိုပေဘူးလား ?</u>

သန်း - လိုလှပါတယ်ဘုရား ။

ကျွန်ုပ် - လူဟာ သေမှုကိုအဘယ်ကြောင့်ကြောက်သလဲဆိုရင်၊ သေပြီးတဲ့နောက်မှာ <u>ဖြစ်မှုမသေချာလို့ပဲ</u>၊ <u>မရေရာလို့ပဲ</u>။ သေပြီးတဲ့နောက်ကာလနှင့်ပတ်သက်တဲ့ဖြစ်ရပ်များကို၊ ဘာသာတရားအသီးသီးက၊ အမျိုးမျိုးအဖုံဖုံ ဖော်ထုတ်ခဲ့ကြပါတယ်၊ " လူသေ မဖြစ် " ဆိုတဲ့၀ါဒဟာ ကမ္ဘာမှာ ရှေးအကျဆုံးအယူအဆတရပ်ဖြစ်ခဲ့တယ်။ ယင်းဟာ လူသားရဲ့လက်တွေ့မှုကျေဖြစ်ရပ်ပဲ ။

- ဒါပေမယ်လို့ လူသားဟာ ဒီမျက်မြင်လက်တွေ့ဝါဒကို ကျေကျေနပ်နပ်ကြီး လက်ခံနိုင်ခဲ့ပြီလား ?

- ကမ္ဘာ့လူသားအားလုံး ချိုပြုံး ရွှင်မြူးစွာလက်မခံနိုင်ခဲ့သေးပါဘူး ။

အဲဒီတော့ ကမ္ဘာ့အဘိဓမ္မာဆရာကြီးတို့သည်၊ ကမ္ဘာ့လူသား၏မျှော်လင့်ချက်နှင့်ကိုက်ညီ ဆီလျော်အောင်၊ လူသားအတွက် လားရာဂတိများကို ကြံစည် တီထွင်ကြရတော့တာပေါ့။

- ဤနည်းအားဖြင့် ကမ္ဘာ့ဘာသာရေးနယ်ပယ်အတွင်း၌ လူသားအတွက် လားရာဂတိတွေ တိုးတက်ပွားများလာခဲ့ပါတယ် ။

- အဲဒီအခါ လားရာဂတိမသေချာမှုဟာ အကြီးမားဆုံး၊ အဆိုးပါးဆုံး ကြောက်စိတ်ကို လူသားမှာဖြစ်ပေါ်စေခဲ့ပါတယ် ။

- အဲဒီကြောက်စိတ်ကိုတိုက်ဖျက်ပစ်ရန် ခိုင်ခန့်တဲ့သဘာဝနှင့်သာကေ ယုတ္တိ အပြည့်အစုံ ထောက်ခံချက်ရှိသော “လူသေ–လူဖြစ်အဘိဓမ္မာ” အရပ်ကို တီထွင်လိုက်ခြင်းဖြစ်ပါတယ် ။

- ဤအဘိဓမ္မာကို ခံယူတဲ့ ဗမာ့တပ်မတော်သားဟာ – သေမှုကို တမြို့တ ရွာသို့အလည်အပတ်သွားတာမျိုး လောက်သဘောထားတော့မယ်။ သေမှုကို ပြုံးပြုံးရွှင်ရွှင် ခင်ခင်မင်မင် ယုယုယယ ပွေ့ပိုက်နိုင်တော့မယ်။ လိုအပ်လျှင် သေဘေးကို ပြေး၍မျက်နှာချင်းဆိုင်ဝံ့ လောက်အောင် ပြောင်မြောက်တဲ့သူရသတ္တိနှင့်ပြည့်စုံပေတော့မယ် ။

- ဤသို့လျှင် အဲဒီလို ထူးခြားလှတဲ့အကျိုးတရားများ အနာဂါတ်ကာလမှာ ဖွံ့ဖြိုးထွားထွားကြီး ပွားလာလိမ့်မယ် ဟုသောယုံကြည်ချက်ဖြင့်၊ လူသေ လူဖြစ်အဘိဓမ္မာရပ်ကို ဖော်ထုတ်တင်ဆက်ခြင်းဖြစ်ပါတယ် ။

သန်း – အရှင်ဘုရားရဲ့ရည်ရွယ်ချက်ဟာ မွန်မြတ်လှပါတယ်။ ယနေ့တော့ (၅) နာရီလဲထိုးသွားပြီဖြစ်လို့၊ ဘားလမ်း အချုပ်ထောင်မှာပဲ တည်းသိတင်းသုံးတော်မူပါ။ နက်ဖန်မှပဲ ရန်ကုန် ထောင်ကြီး ချုပ်သို့ ပို့ပါမည်ဘုရား ။ ။



## ( ထောင်ကျ )

ဆူးကြိုး အုတ်ကာတိုင်း၊ ပတ်ဝိုင်းကာရံ၊
နေ့တွင်ခြောက်ချက်၊ ခုနစ်ချက်ညဉ့်ယာမ်၊
ကြေးသော့ ချခတ်၊ တင်းကြပ်အိပ်ဖန်၊
ထောင်နေလေ့ – ထောင်ငွေ ထောင်ဓိုး နန် ။

ဥက္ကဋ္ဌနှင့် ထောင်ကား အနှောတတ်ဖက်၊ ထို့ကြောင့်ပင် ဖော အတတ်မပြောနိုင်၊ ကျွန်ုပ်တို့သည် ခေတ်အသီးသီး၌ ထောင် အမျိုးမျိုးတို့ရဲ့ အချိန်အခါကိုလှုပ်ဖွားမှာတင်ခဲ့ရသည် ။

## ( ပထမကာလ )

ဂျပန်အတက်၊ အင်္ဂလိပ်အထွက် ၁၉၄၂ ခုနှစ်ကဖြစ်သည်။ ရန်ကုန်မှဆုတ်၍လာသောအင်္ဂလိပ်တပ်များသည် တောင်တွင်းကြီးသို့ ရောက်တဲ့အခါ၊ ခစ်လမ်းဘေးမှာ ရှောင်နေသောကျွန်ုပ်ကို မတွေ့တွေ့အောင်ရှာ၍၊ ထောင်ပိုင် ထောင်မှူး နတ္ထိ၊ ဝါဒါပြုတာမရှိသော တောင်ကြီးမြို့ထောင်တွင်းသို့သွင်း၍ ချုပ်နှောင်ထားခဲ့သည် ။ ၎င်းတို့စစ်တပ် တောင်တွင်းက ဆုတ်သွားမှထွက်ခဲ့ရသည် ။ အကြောင်းကား အဘယ်နည်း ? (၉) ရက်ကြာခဲ့၏ ။

ကျွန်ုပ်တို့သည် ၁၉၃၂ ခုနှစ်၌ တောင်တွင်းကြီးမြို့တွင် ဗုဒ္ဓသာသနာပြု အမျိုးသားအထက်တန်း ကျောင်းကိုဖွင့်၍၊ လူမျိုး မခွဲခြားပဲ ကျား မ–မရွေး ခေတ်ပညာလိုလားသူအားလုံးတို့အား၊ ၎င်းတို့ လိုလားချက်တို့ဖြည့်တင်း၍ ပေးခဲ့သည် ။ ထို့ပြင် တိုးတက်နေ သောလူငယ်တို့၏ စိတ်တွင် မျိုးချစ်စိတ်နှင့်ဝန်ထမ်းစိတ်တို့ကိုသွင်း ပေးခဲ့သည်။ ဤသို့ သောလုပ်ရပ်များသည်၊ ပထမအကြိမ်အချုပ်ထောင်သို့ပို့ဆောင်ရာ၌ ပဓာနအကြောင်းများဖြစ်ဟန်ရှိသည်။ မှန်လှ၏ လူမျိုးခြားတို့၏ လက်အောက်တွင် ကျွန်သဘောက်အခြေသို့ဆိုက်ရောက်နေသော လူမျိုး တမျိုး၏ ချုပ်နှောင်မှုမှလွတ်လပ်ရေးကြိုးပမ်းမှုအားလုံးပင်၊ ထိုအုပ်ချုပ်သူ လူတန်းစားတို့၏အမြင်၌ မတရားမှုတွေ၊ ရာဇဝတ်မှုတွေ ဖြစ်၍ နေပေသည် မဟုတ်ပါလော ။

## (ဒုတိယကာလ)

ထို့ပြင် ဒုတိယအကြိမ် ဂျပန် ထောင်တွင်းသို့ သက်ဆိုင်ရာရောက် အာဏာ တော့ ကော - ဘာ့ ကြောင့်ပါလိမ့် ။

ဘယ်ကဲ့သို့ သော ရာဇဝတ်မှုကို ကျူးလွန်မိလို့ပါနည်း ? ။

အေး -- ဖြေရပေမည် ။

အင်္ဂလိပ်အစိုးရ၏ စစ်သည်တော်များ တောင်တွင်းကြီးမြို့မှ - နောက်ဆုံး ဆုတ်ခွာ၍သွားကြပြီး နောက်၊ လေးရက် - ငါးရက်အကြာတွင်၊ အထက်မြန်မာနိုင်ငံ မုံရွာ ထောင်ကိုဖွင့်ပြီးထွက်လာကြ သောသခင်တစု ကားကြီးတစီးဖြင့် တောင်တွင်းကြီးမြို့၊ နေရှင်နယ် ကျောင်းသို့ ဆိုက်ရောက်လာကြလေပြီ ။

သူတို့က အတင်းခေါ်ငင်ကြသဖြင့်၊ ၎င်းတို့နှင့် ရောနှောပြီး ရန်ကုန်မြို့သို့ ရောက်လာခဲ့ပြီး နောက်တနေ့ သခင်ကိုယ်တော်မှိုင်းနှင့် တွေ့ရ၊ ရန်ကုန်မြို့၌ ကွဲပြဲနေသော အရှင်အာဒိစ္စဝံသနှင့် ဇောတ ကာရာမဆရာတော်တို့ အဖွဲ့နှစ်ခုကို၊ ရင်ကြားစေ့ပေးဖို့တာဝန်ကို ယူ ရန် လျှောက်ထားခဲ့သည် ။

ညီညာမှုပြည်သာမည်ဆိုတဲ့အတိုင်း နိပွန်မာစတာတို့အား ဗမာ နိုင်ငံ၏ ညီညွတ်သော သာသနာ့တပ်ဦးကို ပြလိုရင်းပင်ဖြစ်သည် ။

သို့ရာတွင် ၎င်းတို့လဲ နယ်ချဲ့သမား အစစ်တွေပင်ဖြစ်ရာ - "ခွဲ၍အုပ် - ဆိုတဲ့နယ်ချဲ့နီယာမ" ကို တိကျစွာလိုက်နာကျင့်သုံးမည့်သူများ ဖြစ် မဟုတ်တုံ လော ? ။

ထို့ကြောင့် ညီညွတ်သော သာသနာ့တပ်ဦးတည်ထောင်ဖို့ ကျွန်ုပ် ကြိုးပမ်းအားထုတ်မှုသည်၊ စနစ်ရဲ့ အုတ်မြစ်တခုကို ရိုက်ချိုးရာကျနေ သဖြင့်၊ ကျွန်ုပ်သည် အကြီးလေးဆုံးသော ရာဇဝတ်မှုကြီးကို ကျူးလွန်မိ လျက်သား ဖြစ်၍ နေပြီ မဟုတ်တုံ လော ? ။

အေး - အပုက်အပုက်နှင့်နှာခေါင်းသွေးထွက် ဆိုသလို၊ ကျွန်ုပ် နှင့်တကွ အပေါင်းပါ ဆရာတော်သုံးပါးကို၊ စစ်ဦးဘီလူးပါ သို့တဲ့အတိုင်း ကားခင်တင်၍ သတ်တော့မလိုလို၊ သတင်းအစအနများထွက်ပြူ၍လာ



လေပြီ။ ထိုအတောအတွင်း တနေ့ သောနံနက်ခင်းတွင် (ဘီအိုင်အေ) တပ်သား ငယ်တယောက် ကျွန်ုပ်တို့ရဲ့အချုပ်ခန်းသို့ ပေါက်လာသည် ။

သူသည် အရှင်အာဒိစ္စဝံသထံမှ တတိုကလေးတစောင်ကို ကျွန်ုပ် အား ပေးဆက်လာသည်။ "ရှင်နရယ် အိုးဒါးထံ ရောက်အောင်သွား၍ သေ ဒဏ်ကိုဖျက်သိမ်းစေခဲ့ပြီ၊ ကျန်တဲ့အပြစ်ဒဏ်ကိုတော့ ဗဟုသုတရအောင် ခံပါ" ဆိုတဲ့အရှင်အာဒိစ္စဝံသ၏ လက်ရေးစာဖြစ်သည်။ ယင်းသို့နှင့်ပင် ၂၁ ရက်မြောက်သော နေ့၌၊ နိပွန်မာစတာတို့ရဲ့အချုပ်စခန်းမှ ရွှင် လန်းစွာ ကျွန်ုပ်တို့ဆရာတော် လေးပါး ထွက်လာခဲ့ရလေပြီ ။

ယခု ဒုတိယအကြိမ်၌လည်း ပထမအကြိမ်တုံးကလိုပင်၊ ထောင်၏ ထူးခြားတဲ့ အရသာကိုမတွေ့ရချေ ။

အကြောင်းမှုကား ၎င်းသည် အချုပ်စခန်းသာဆိုရစေကာ၊ အ မှန်တော့ ရန်ကုန်မြို့၊ လင်္ကာတ်စတာလမ်းရှိ မက်သဒစ်မိန်းကလေး ကျောင်း အဆောက်အဦဖြစ်တဲ့အပြင်၊ စနစ်တကျခန့်ထားသော ထောင် မှူး ထောင်ပိုင်များ မရှိသော ကြောင့်ဖြစ်သည် ။

## (တတိယအကြိမ်)

ယခု တတိယအကြိမ်မြောက်အချုပ် ထောင်သို့ ရောက်ရခြင်းကား စည်းကမ်းတကျ ရောက်ရခြင်းဟုဆိုနိုင်သည်။ ရှာဖွေဝရမ်း ဖမ်းဝရမ်းအစုံအလင်နှင့် ရန်ကုန်မြို့မှ ရဲမှူး မောင် ကျော်မြင့် ဆိုသူသည်၊ တောင်တွင်းကြီးမြို့သို့ ရောက်လာပြီးလျှင်၊ တောင်တွင်းကြီး မြို့မ ပုလိပ် ၏အကူအညီဖြင့် ဖမ်းဆီးခြင်းဖြစ်သော ကြောင့်၊ အတိအကျမှတ်တမ်းတင် ထိုက်သော ကိစ္စတရပ်ပင်ဖြစ်ရချေသည် ။

မြန်မာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ ဝါခေါင်လဆန်း (၁၄) ရက်၊ (ဝါ) အင်္ဂလိပ်သက္ကရာဇ် ၁၉၅၉ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်၊ သောကြာ နေ့ကား နတ်မှိဥပုသ်နေ့ဖြစ်သည်။ သို့ဖြစ်သော ကြောင့် အချို့ ဥပုသ် သည်များ ကျောင်းသို့ ရောက်လာစပြုနေကြပြီ၊ ကျွန်ုပ်သည်လည်း ကျွန်ုပ် ၏ စာကြည့်ခန်းအတွင်း၌ (၁၃) ရက်နေ့ကမှ ပါမောက္ခဦးသန်းထွန်းထံ မှရလိုက်သော " လူသေလူဖြစ် " ကျမ်းစာအုပ်ကိုဖတ်၍နေ နိုက်ဖြစ်သ

ထိုအချိန်တွင် ကျောင်းဝိုင်းအတွင်းသို့ ကားတစီးဝင်လာသံကြားလိုက်သည်။ ဥပုသ်သည်များ စီးလာကြတဲ့ကားပင်ဟုမှတ်ယူခြင်းကြောင့် အမှုမဲ့အမှတ်မဲ့ နေလိုက်သည်။ နောက်မှားမကြာမီ ကျွန်ုပ်၏တိုက်အတွင်းသို့ လူသုံးလေးယောက်ဝင်လာပြီး၊ အကျိုးအကြောင်း လျှောက်ထားမှ ဖြစ်ရပ်ကို နားလည်လေတော့သည်။

သူတို့သည် ရှာဖွေဝါးရမ်းကိုပြ၍ စာအုပ်ဘီဒိုများကို မွှေကြလေတော့သည်။ သို့ရာတွင် နောက်ဆုံး၌ သူတို့အလိုရှိတာ ရှာမတွေ့တော့သဖြင့် လက်မှိုင်ချကြလေတော့သည်။ သူတို့အလိုရှိတာက ဘာလဲ ? "လုသေလုဖြစ်" ကျမ်းစာအုပ်ပင်ဖြစ်သည်။

ဆရာတော်က ပြောသည်၊ ဒဲ့ဒီ တကာလေးတို့ရှာဖွေတဲ့ "လုသေလုဖြစ်" စာအုပ်ကတော့ တောင်တွင်းကြီးသို့တအုပ်ပဲ ရောက်သေးတယ်ဟု ပြောကာ ကျွန်ုပ်ဖတ်နေသော စာအုပ်ကို ပေးလိုက်သည်။ ထို့နောက် ရောက်ရှိနေသော နတ်မှီပရိယတ်များကို နှုတ်ဆက်ခါ ပုလိပ်ကားပေါ်သို့တက်ပြီး လိုက်ပါသွားခဲ့သည်။ ကားပေါ်တွင် သေနတ်လက်နက်ကိုင် ပုလိပ်လေးယောက် တွေ့ရသည်။ သက်တော် (၆၀) ဝါတော် (၄၀) ကျော်ရှိပြီဖြစ်သော တောရကျောင်းဆရာတော်ကြီးတပါးကို စာပေရေးသားသော ပြစ်မှုဖြင့် ဖမ်းဆီးရာ၌ အသုံးပြုလိုက်တဲ့ ယဉ်ကျေးမှုကား ဂုဏ်ပြုချီးကျူးလောက်ပါပေသည်။ တောင်တွင်းကြီး မြို့မဂါတ်တဲအချုပ်ခန်းတွင်-နေ့သွမ်းကိစ္စအပြီးသပ်ခဲ့သည်။

ထို့နောက် မီးရထားသို့သွားကြ၍၊ စစ်သားများစီးတဲ့တွဲတွင်၊ နေရာရကြသည်။

နောက်တနေ့ ရန်ကုန်သို့ရောက်ပြီး၊ ဦးဖေသန်း၏ရုံးခန်းသို့တန်း၍သွားကြသည်။ နေ့လည် တနာရီခွဲအချိန် လောက်မှာ ၄င်း၏ရုံးသို့ရောက်၍၊ ညနေ (၅) နာရီခွဲသည်တိုင် အောင်စကားလက်ဆုံကျခဲ့ကြသည်။

ထိုနေ့ည ဘားလမ်း အချုပ်စခန်း၌ပင် ကြိမ်းစက်ခဲ့ရသည်။



နောက်တနေ့ညနေ (၃) နာရီလောက်မှာ စံပြထောင်ကြီးသို့ အချုပ်ကားဖြင့် ကျွန်ုပ်ကို ပို့လိုက်သည်။

ရောက်လျှင် ထောင်မှူးကြီးနှင့်တွေ့၍ နံပါတ် (၅) အဆောင်မှ တပါး အခြားမည်သည့် ဆောင်မှာမဆို ဆရာတော် သဘောကျတဲ့အဆောင်မှာ သီတင်းသုံးနိုင်ပါသည်ဟု၍ လျှောက်ထားလေပြီ။

ဒဲ့ဒီနံပါတ် (၅) အဆောင်မှာ ဘာဖြစ်လို့လဲ၊ အဲဒီအဆောင်မှာ ဘယ်သူတွေရှိလို့လဲဟု မေးရာ-အတွင်းရောက်တော့ဆရာတော်ကိုယ်တိုင် သိပါလိမ့်မည်ဟု လျှောက်ထားလိုက်သည်။

ကဗျာ - ဩဂုတ်ဆယ့်လေး - ရွှေပြေးကမ်းမှောင်၊
ဂျဲမှူး ကျော်မြင့် - ခေါ်ပင့်ယူဆောင်၊
လုသေ လုဖြစ် - ဆန်းသစ်စာစောင်၊
ရေးမိလို့ -- သွင်းပို့အကျဉ်းထောင်။ ။

နံပါတ် (၈) အဆောင်အောက်ထပ်၊ အခန်းနံပါတ် (၃) ၌၊ ပထမဆုံး ည ကုန်လွန်ခဲ့သည်။ ထိုအခန်းတွင် လက်နက်ခွ အလင်းဝင်ကော်သူ လေလုသွက်၊ ကရင်ရဟန်းတော်ကလေး ဦးသေဋ္ဌိလကိုတွေ့ရသည်။ သို့ရာတွင် သူကား အောက်ထပ်တွင် နေခိုရုံသာခို၍၊ ညဉ့်ဖက်တွင် အထက်ထပ်မှာ ကိန်းစက်လေသည်။

နောက်တနေ့တွင် နံပါတ် (၆) အဆောင်၊ ထောင်မှူးထံသို့ သွား၍ မှတ်ပုံတင်ရသည်။ ပုံစံ ပေးရသည်။ ညနေ (၄) နာရီခန့်တွင် ထောင်ပိုင်ကြီးရုံးခန်းထဲသို့ လုပြသွားရပြန်သည်။ အဓိပ္ပါယ်တတော့ (၆) အဆောင် ထောင်မှူးထံပေးခဲ့သောပုံစံနှင့်လူ တိုက်မကိုက်တိုက်၍ကြည့်တဲ့သဘောပင်။

ထို့ပြင် အခန်းနံပါတ် (၂) ၌နေသော ဦးသာဇံ စသော နိုင်ငံရေးအကျဉ်းသားတို့ကလည်း သူတို့ရဲ့အခန်းသို့ ရွှေ့ပြောင်းနေရန်-လျှောက်ထားကြပြီးလျှင် အခန်း (၂) သို့ ပြောင်းရွှေ့ပေးကြပြန်သည်။

ထိုအတောအတွင်း နံပါတ် (၅) အဆောင်မှာ နေထိုင်ကြသော-

ဗန်းမော်တင်အောင် စသော ရဲဘော်များကလဲ ကျွန်ုပ်ကို သူတို့နှင့် တဆောင်တည်း နေခွင့်ရအောင် သက်ဆိုင်ရာ ထောင်မှူး ထောင်ပိုင်များနှင့် စေ့စပ် ပြောဆိုနေလေသည်။ ဒီကိစ္စကို အပြင်းအထန် လုံးပန်းနေကြသည်ဟူသော သတင်းများကိုကြားနေရသည်။

ဒါပေမယ့် နောက်ဆုံးအချိန်၌၊ သူတို့က ပင်လက်မြှောက်လိုက်ကြရကြောင်း သတင်းထွက်၍လာလေသည်။

ထိုအခါကျမှပင် နံပါတ်(၅) အဆောင်မှတပါး အခြား မည်သည့်အဆောင်မှာမဆို ဆရာတော်သီတင်းသုံးနိုင်ပါသည် ဆိုတဲ့ ထောင်မှူးကြီး ဦးအောင်သိန်း၏ စကားကို အဓိပ္ပါယ်ပေါက်လေတော့သည်။

သို့ရာတွင် ၎င်းတို့ကား စိတ်အားပျက်၍လက်မလျှော့ကြသေးချေ။ သူတို့သည် အချုပ်ထောင်အတွင်းရှိ ဆရာတော်များနှင့်တကွ အပြင်မှဆရာတော်တပါးကိုပါ သူတို့ရဲ့အဆောင်သို့ ဆွမ်းစားပင့်ကြလေသည်။

အားလုံးသော ဆရာတော်တို့သည်၊ နံနက်(၃)နာရီအချိန်၌၊ နံပါတ်(၅) အဆောင်သို့ ရောက်ကြသည်။ ၎င်းအဆောင်သားတို့ ဝမ်းမြောက် ဝမ်းသာ ဆရာတော်များကို ကြိုဆိုကြကုန်၏။

- ထို့နောက်ဆိုင်ရာဆိုင်ရာ ဝိုင်းဖွဲ့ကာဖြင့်၊ အကြောင်းအရာအမျိုးမျိုးတို့ကို ဆွေးနွေးကြကုန်၏။ အချင်းချင်း မေးကြမြန်းကြကုန်၏
- ဘာသာရေးဆိုင်ရာပြဿနာများကိုလဲ ဆရာတော်များသို့တင်ပြကြကုန်၏။
- ဘာသာရေးသည် ဘိန်းနှင့်တူသည်ဆိုတဲ့ လီနင်ရဲ့စကားကိုလက်ခံကြသူ အဘော်များများ တွေ့ရ၏။
- ယင်းသို့အားဖြင့် ဆွေးနွေးကြရင်း ငြင်းခုံကြရင်းဖြင့်အချိန်ကုန်မှန်းမသိ ကုန်၍သွားခဲ့ရာ၊ ကျွန်ုပ်တို့ရဲ့အဆောက်သို့ ညနေ(၄)နာရီကျော်မှပင် ပြန်၍ ရောက်ကြလေသတည်း။

ယင်းသို့ နေရင်း ထိုင်ရင်းပင်၊ ဗုဒ္ဓဘာသာဝင်လူမျိုးတို့ရဲ့

တင်းကျွတ်လပြည့် အခါကြီး ရက်ကြီးနှင့်နီးကပ်၍လာပြန်လေပြီ။ အဆောင်တိုင်းမှာရှိကြတဲ့ ထောင်ကျနှင့်အချုပ်သားတို့သည်၊ ထိုသည့် မီးထွန်းပွဲတော်ကြီးအဖွက် အသက်ဝင်လှုပ်ရှားလာကြပြန်လေပြီ။ ထိုနေ့မှာ ကပြအသုံးတော်ခံရန် ပြဇာတ်ခုကိုပင် စီစဉ်ဇာတ်တိုက်လျက်နေကြပြီ။ အဆိုသမား၊ အကသမား၊ အတီးသမားတို့ကား လိုတာထက်ပင်ပို၍ အလုံ့ပယ်နေသေးသည်။ လုတန်းစားအသီးသီးတို့မှ အတတ်ပညာသည် အမျိုးမျိုးတို့သည် ဤအချုပ်ထောင်အတွင်းသို့၊ အကြောင်းအမျိုးမျိုးကြောင့် ကျရောက်နေကြသည် မဟုတ်တုံပါလော။

အဆောင်တိုင်း အဆောင်တိုင်း သူ့ထက်ငါသာဖြစ်အောင် လုံးပန်းစီစဉ်လျက်နေကြသည်။ ပြဇာတ်ကို စီးဝါးကိုက်အောင် အတီးအမှုတ်နှင့် နံပါတ်(၆) အဆောင်မှာဇာတ်တိုက်လျက်နေသည်။ ၎င်းကို သီတင်းကျွတ်လပြည့်နေ့- နေ့လည်အချိန်၌ ကပြရန်ဖြစ်သည်။ အဆောင်တိုင်းမှ စိတ်ပါဝင်စားသူတိုင်း လွတ်လပ်စွာသွားလာကြည့်ရှုနိုင်သည်ဟု ဆိုသည်။

ကျွန်ုပ်တို့သည် နံပါတ်(၁)အဆောင်မှစ၍ နံပါတ်(၇) အဆောင်ထိ၊ တနေ့လုံး လှည့်လည်ရန်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ထုံးတမ်းစဉ်လာအတိုင်း သူတို့ကပ်လှူတဲ့ စားဖွယ်သောက်ဖွယ်များကို ဖုဉ်းပေးသုံးဆောင်၍၊ သီလပေးခြင်း၊ ပရိတ်ရွတ်ခြင်း ကိစ္စများကိုပြုလုပ်ခဲ့ရသည်။

ဘာသာရေးဆိုင်ရာယုံကြည်မှု၊ ကိုးကွယ်မှု၊ ဆည်းကပ်မှု၊ ပူဇော်သမှု စသည်တို့ကား အပြင်ကမ္ဘာလောကမှာထက် အကျဉ်းထောင်အတွင်းမှာ ပို၍ပြင်းထန်အားကောင်းသည်။ ညဦးအချိန် ရောက်လျှင် အဆောင်တိုင်း အဆောင်တိုင်းလိုလိုမှပင် ကြေးစည်သံ၊ ဝတ်တက်- ဝတ်ကပ်သံများကို တညံညံ တစာစာ ကြားနေရသည်။

ထို့ပြင် အဆောင်တိုင်း လိုလိုမှာပင် လှပဝင့်ပယ်စွာ မွမ်းမံပြင်ဆင်ထားသော သီးသန့်ဘုရားဆောင်နှင့်ဘုရားခန်းများကို၊ ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ရသည်။ အခြားဘာသာဝင်တို့ကလည်း-

သူတို့ယုံကြည်ရာ ဘာသာတရားဆိုင်ရာလုပ်ငန်းများကို လွတ်လပ်စွာပြုလုပ်ခွင့်ရရှိကြကုန်၏။ ယင်းသို့ရရှိတဲ့အတိုင်းလဲ ကိုယ်ရောစိတ်ပါ ဘာသာရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်နေကြကုန်သည်။

ထောင်အတွင်းသို့ ရောက်နေတဲ့လူတွေဟာ – ဘာသာရေးတရားနှင့်လုပ်ငန်းလမ်းစဉ်များကို ယုံကြည်လိုက်နာကျင့်ကြံနေကြသလို၊ ထောင်အပြင်မှာ လွတ်လွတ်လပ်လပ်ရှိနေကြတဲ့ လူများကလည်း ယုံကြည်စွာ လိုက်နာကျင့်ကြံကြပါလျှင်၊ ဤလူ့ဘောင်ကြီးသည် ပျော်ပျော်ရွှင်ရွှင်နေခြင့်စဖွယ် အန္တရာယ်ရှင်း ဘေးရန်ကင်းတဲ့ ဌာနမွန်တခုဖြစ်ပေလိမ့်မည်။

အကျဉ်းထောင် အချုပ်ခန်း အစရှိတဲ့ အမင်္ဂလာဝေါဟာရများပင်၊ လူသားတို့ရဲ့ အဘိဓာန်မှ ကွယ်ပျောက်၍သွားကြပေလိမ့်မည်။

ထိုအခါ– ယနေ့ လူသားအများတို့ သုံးနှုန်းပြောဆိုနေကြတဲ့ ထောကန်ဗွာန်ဆိုတဲ့ ဝေါဟာရ၏ ရုပ်လုံးမှာ အထင်အရှားကြီး ပေါ်၍လာပေလိမ့်မည်တကား။ ။

× × × ×